http://www.dhammadownload.com



တစ်နေ့ကုန်လို့ တစ်ရက်ကြီး သေဖို့တစ်ရက်နီး
အနေချောင်လျှင် အသေကြပ်မယ်
အနေကြပ်မှ အသေချောင်မယ်
ခန္ဓာနှင့်တူသော ဆင်းရဲသည်မရှိ
နိဗ္ဗာန်နှင့်တူသော ချမ်းသာသည်မရှိ
မအိုသေးခင် တရားဝင် အဆင်ပြေလှသည်
သေသောအခါမှ တရားမရ မှားကြပါလိမ့်မည်
တရားကိုသိပြီး လက်တွေ့ကျင့်သုံးခြင်းဖြင့်
အမြတ်ဆုံးချမ်းသာကို ရယူနိုင်ကြပါစေ။ ။

မိအေးအေးမွန်

# အေးမြသောအမေ့ရင်ခွင်သို့ ခိုလှုံခြင်း



http://www.dhammadownload.com



သို့

........................................

........................................

အမှတ်တရဓမ္မလက်ဆောင်

http://www.dhammadownload.com


ပုံနှိပ်မှတ်တမ်း

အုပ်ရေ-၁၀၀၀

တန်းဖိုး-

၂၀၁၀-ခုနှစ်၊ ဇန်နဝါရီလ

သာသနာရေးခွင့်ပြုချက်အမှတ်

(၁၁၉/၀၁(ပုံနှိပ်)၊ သသန-၀၉)

မျက်နှာဖုံးနှင့်အတွင်းဒီဇိုင်း

ရန်ဇန်(ကွမ်ရှာ)

အတွင်းကွန်ပျူတာစာစီ

ဇော်ကျူးဂိုဏ်သာကွန်ပျူတာ

မှုပိုင်

အရှင်အာလောက၊ ဇော်ကျူးမဟာသတိပဋ္ဌာန်ဂိုဏ်သာကျောင်း

ဇော်ကျူးကျေးရွာ၊ မုဒုံမြို့နယ်၊ မွန်ပြည်နယ် ၀၉-၈၅၂၂၅၄၅၀

ရန်ကုန်မြို့၊ ကမ္ဘာအေးသာသနာရေးဝန်ကြီးဌာန
သာသနာရေးဦးစီးဌာနညွှန်ကြားရေးမှူးဦးဝင်းနိုင်
မှတ်ပုံတင်အမှတ်(၀၃၈၄၃/၀၂၄၀၅) ကထုတ်ဝေ၍

သာသနာရေးဦးစီးဌာနတွက်
ဦးကြည်စင်(၀၄၆၁၅) လဲ့လဲ့မွန်ပုံနှိပ်တိုက်၊
အမှတ်(၈)၊ ၆၄-လမ်း၊ ဗိုလ်တစ်ထောင်မြို့နယ်က ပုံနှိပ်သည်

http://www.dhammadownload.com

# အေးမြသောအမေ့ရင်ခွင်သို့ ခိုလှုံခြင်း

ဗိဩးဩးမွန်



http://www.dhammadownload.com

# ငြိမ်းချမ်းသောနယ်မြေသို့



http://www.dhammadownload.com

# ဖိတ်ခေါ်ခြင်း



http://www.dhammadownload.com

# ငြိမ်းချမ်းသောနယ်မြေသို့ ဖိတ်ခေါ်ခြင်း

အသိဉာဏ်ပြည့်ဝကြသော ဗုဒ္ဓဘာသာဝင် ပုဂ္ဂိုလ်တို့သည် ''နိဗ္ဗာန်ချမ်းသာသို့ မရောက်မီအကြားတွင် ဘဝပေါင်းများစွာ ဖြစ်ကြရလိမ့်ဦးမည်'' ဟု သိနေကြပေသည်။ မိမိဘဝသည် သောတာပန်မဖြစ်သေးသမျှ ငရဲ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ်တည်းဟူသော အပါယ်ဘုံဘဝများနှင့် တစ်စပ်တည်းပင် တည်ရှိလျက် ရှိကြပေသည်။ ကွယ်လွန်ခါနီးမှာ နှလုံးမသာမယာဖြစ်ဖွယ်ရာ အာရုံတစ်ခုခုကိုသော်လည်းကောင်း၊ စွဲလမ်းဖွယ်ရာ အာရုံတစ်ခုခုကိုလည်းကောင်း၊ အာရုံပြု၍ ကွယ်လွန်သွားရပါက တခဏအတွင်းမှာပင် ယုတ်နိမ့်သော အပါယ်ဘုံဘဝများသို့ ရောက်သွားကြရမည်ဖြစ်ပေသည်။ သောတာပန်ဖြစ်ပြီးမှသာ စိတ်ချရမည် ဖြစ်ပေသည်။

သာသနာသက္ကရာဇ်နှစ် (၅၀၀၀)အတွင်းတွင် ပါရမီရှိသူများ ကျွတ်တန်းဝင်သူတွေ များလှပါသည်။ လူအဖြစ်သို့ ရောက်ပြီဆိုကတည်းက ပါရမီရှိ၍သာ

http://www.dhammadownload.com



ရောက်ရခြင်းဖြစ်သည်။ တရားကို ကိုယ်တိုင်အားထုတ်မှသာ မိမိပါရမီ မည်မျှလောက် ရှိသည်ဆိုတာကို သိရမည်။ ပါရမီရှိပါလျှက်နှင့် အားမထုတ်မိလျှင် တစ်ဘဝစာ ဆုံးရှုံးသွားနိုင်သည်။ ဆရာကလည်း အပြောကောင်း၊ တပည့်ကလည်း ဝီရိယကောင်းလျှင် တရားထူးရရန် မခက်လှကြောင်း သတိထားစေလိုပါသည်။ ဤအဖွဲ့တွေ့နည်းသည် ပါရမီရှိသူများအတွက် သောတာပတ္တိမဂ်တွင်သာမက အရဟတ္တမဂ်ကိုပါ ရနိုင်ကြောင်း ထင်ရှားလှပါသည်။

သို့ဖြစ်၍ လူ့ဘဝကိုရနေခိုက် မိမိအတွက် အကျိုးအရှိဆုံး သတိပဋ္ဌာန်ပါ ဝိပဿနာတရား အားထုတ်ခြင်းအလုပ်ကို ပြုလုပ်သင့်လှပေသည်။ အင်္ဂါငါးပါးနှင့် ပြည့်စုံသော ရိပ်သာကျောင်းသည် တရားအားထုတ်ဖို့ရာ သင့်လျော်သောရိပ်သာကျောင်း ဖြစ်ပေသည်။ အင်္ဂါငါးပါးအနက်မှ တရားမတွေ့သေးသူကို တရားတွေ့သွားအောင်၊ တရားတွေ့ပြီးသူကို တရားတက်သွားအောင် တရားထူးတရားမြတ်များ ရရှိသွားအောင် တရားပြပေးနိုင်သော ကမ္မဋ္ဌာန်းဆရာရှိခြင်းသည် အရေးကြီးဆုံးအင်္ဂါရပ် ဖြစ်ပါသည်။

တော်ကူးရိပ်သာမှ ပဓာနနာယကဆရာတော် ဦးနာဝိကသည် စကားပြောအေးဆေး၍ အစဉ်အမြဲ စကျွန်ုပ်ကို ချနေတတ်ပြီး ဝတ္တုငွေကိုလည်း လုံးဝ

http://www.dhammadownload.com



ကိုင်တွယ်လေ့မရှိပါ။ ဝိနည်းကိုလည်း အရမ်းရိုသေ၍ မည်သည့်အခက်အခဲ ဘေးဒုက္ခကိုကြုံကြုံ ဒေါသထွက်ခြင်း အလျဉ်းမရှိ။ ပကတိကြည်လင်နေသော မျက်နှာတော်မှာ သက်တော် (၇၄)နှစ် ရှိနေသော်ငြား (၅၀)နှစ်အရွယ်လား ထင်မှတ်ရပါသည်။ ကိလေသာအပြစ်များ လုံးဝမမြင်တွေ့ရသော ဆရာတော်ကြီး၏ သီလ၊ သမာဓိနှင့် ထူးကဲသောပညာဂုဏ်တို့းလို့ စာရှုသူများလည်း ကိုယ်တွေ့ကြုံမှ ပို၍ယုံပေလိမ့်မည်။

သတိပဋ္ဌာန်ဝိပဿနာ တရားအားထုတ်ခြင်း အကျင့်လမ်းစဉ်မှတစ်ပါး အခြားအကျင့်လမ်းစဉ်ဖြင့် မဂ်ဖိုလ်နိဗ္ဗာန်သို့ ရောက်သွားသည်ဟူ၍ မရှိပေ။ ဆရာတော်သည် မြတ်စွာဘုရားရှင် ညွှန်ပြထားသော လမ်းစဉ်များအတိုင်း ယောဂီများအား မေတ္တာတရားကြီးကြီးထား၍ တရားရကြောင်း အကျင့်ကောင်းများကို ညွှန်ပြပေးနေပါသည်။

စာရေးသူသည် ကွယ်လွန်သူမိဘနှစ်ပါးနှင့် ဖခင်ရင်းကဲ့သို့ ချစ်ခင်ကြည်ညိုရသော ဆရာတော် ဦးနာဝိက၏ ကျေးဇူးဂုဏ်ကိုရည်စူး၍ ဤစာအုပ်ကို ထုတ်ဝေရခြင်း ဖြစ်ပါသည်။

စာရေးသူ၏ ဘဝတာတွင် လောကဓံတရားတို့ဖြင့် ရင်ဆိုင်ရတိုင်း တော်မှကူး၍ရသော တော်ကူးရိပ်သာဓမ္မာရုံမှ ဆောင်ပုဒ်ကလေးကိုတော့ ဘယ်

http://www.dhammadownload.com



သောအခါမှ မေ့၍ရနိုင်တော့မည် မဟုတ်ပါချေ။

ဘယ်လောက်ဘဲစားရစားရ တစ်ဝမ်းဝရုံဘဲ။
ဘယ်လောက်ဘဲဝတ်ရဝတ်ရ အရေပြားဖုံးရုံဘဲ။
ဘယ်လောက်ဘဲအိပ်ရအိပ်ရ ကျောတစ်နေရာစာလေးဘဲ။
ပစ္စည်းစုတာ ခန္ဓာကျွေးဖို့၊ ခန္ဓာစုတာ မြေစာကျွေးဖို့။

ချစ်ခင်စွာဖြင့်
မိအေးမွန်၊ အမှတ်-၁၂၄
မင်းလမ်းမရပ်၊ ဒိုင်းဝန်ကွင်း၊
မော်လမြိုင်မြို့။

http://www.dhammadownload.com

# ဆရာတော့်ဇာတိရပ်မြေနှင့်



http://www.dhammadownload.com

# မွေးသက္ကရာဇ်



http://www.dhammadownload.com

## ဆရာတော်၏ ဇာတိရပ်ရွာနှင့် မွေးသက္ကရာဇ်

လက်ရှိ ဒုတိယတော်ကူးရိပ်သာ ပဓာနနာ ယက ဆရာတော် ဦးနာဂိတလောင်းလျာကို မုံဒိုမြို့နယ် ကမာဝက်ကျေးရွာနေ ခမည်းတော်ဦးလနှင့် မယ်တော် ဒေါ်မယ်တီတို့မှ ကောဇာသက္ကရာဇ် (၁၂၈၉)ခုနှစ်၊ ပြာသိုလဆုတ်(၁)ရက်၊ စနေနေ့ နံနက်(၂း၀၀)နာရီ ခန့်အချိန်၌ ကောင်းမွန်စွာ ဖွားမြင်တော်မူခဲ့ပါသည်။ မွေးချင်းမောင်နှမ ငါးယောက်ရှိသည့်အနက် ဆရာ တော်မှာ ဒုတိယမြောက်သားဖြစ်ပြီး ငယ်မည်မှာမောင် တောင်ငွေ ဖြစ်ပါသည်။

### ရှင်သာမဏေပြုခြင်း

ဘဒ္ဒန္တနာဂိတ ဆရာတော်အလောင်းအလျာ သည် ငယ်စဉ်ဘဝ ကောဇာသက္ကရာဇ် (၁၂၉၈)ခုနှစ် (၉)နှစ် သားအရွယ်တွင် မုံဒိုမြို့နယ် ကမာဝက်ကျေးရွာ ရတနဒေဝသာရုံကျောင်းတိုက်(ခြသေ့်ကျောင်းတိုက်) ဆရာတော် ဘဒ္ဒန္တဉာဏဝံသတွင် ရှင်နာရဒဘွဲ့အမည်

http://www.dhammadownload.com



ဖြင့် (၃)နှစ်ပတ်လုံး ရှင်သာမဏေပြုခဲ့ပါသည်။

## စာပေသင်ယူခြင်း

ငယ်စဉ်ဘ၀တွင် မုဒုံမြို့နယ် ကမာ၀က်ကျေး ရွာ အ-ထ-က ကျောင်းတွင် (၄)တန်းအထိ ပညာသင်ကြားခဲ့၍ ရှင်ရဟန်းဖြစ်ပြီးချိန်တွင် ပါဠိဝိနည်းကတ်တော်၏ အခြေခံဖြစ်သော သဒ္ဒါငယ်၊ ကစ္စည်း၊ သုတ္တန်များ စသော စာပေကျမ်းဂန်များကို လေ့လာဆည်းပူး သင်ကြားခဲ့ပါသည်။

## အိမ်ထောင်ရေးအခြေအနေ

ကိုတောင်ငွေသည် အသက်(၁၉)နှစ်တွင် မအိမ်မေနှင့် အကြောင်းပါခဲ့ပါသည်။ သားသမီး(၄)ယောက်ထွန်းကားခဲ့သည်။ အဓိကစီးပွားရေးမှာ လယ်လုပ်ငန်းပင်ဖြစ်သည်။ လယ်မြေ(၂၅)ကေအပြင် ရာဘာခြံကိုလည်း ၀ယ်ယူပြီး လယ်လုပ်ငန်းတစ်လှည့်၊ ရာဘာလုပ်ငန်းတစ်လှည့် လုပ်ကိုင်ခဲ့ပါသည်။

## ရဟန်းပြုခြင်း

ကိုတောင်ငွေသည် အသက်(၄၀)ကျော်မှစ၍ လယ်ယာလုပ်ငန်း အားလပ်ချိန်များတွင် သံဖြူဇရပ်

http://www.dhammadownload.com



မြို့သို့ သွားရောက်၍ တရားရှုမှတ်ခြင်းများကို (၇)နှစ် ဆက်တိုက် လုပ်ဆောင်ခဲ့ပါသည်။ (၁၃၁၉)ခုနှစ်တွင် မူလဉပဇ္ဈာယ်ဆရာတော်ထံ (၂)လကြာ ပထမအကြိမ် ရဟန်းပြု၍ သာသနာတော် (၂၅၂၅)ခုနှစ်၊ ကောဇာ သက္ကရာဇ်(၁၃၄၃)ခုနှစ်၊ ဝါဆိုလဆန်း(၁၄)ရက်နေ့ ဦး တောင်ငွေ အသက်(၅၄)နှစ်တွင် ကမာဝက်ကျေးရွာ ခြသေ့်ကျောင်းတိုက် ခဏ္ဍသိမ်တော်တွင် ဆရာတော် ဘဒ္ဒန္တဉာဏဝံသအား ဉပဇ္ဈာယ်ပြု၍ သံဃာတော်(၁၅) ပါးတို့က ချီးမြှောက်သဖြင့် ဒုတိယအကြိမ် မြင့်မြတ် သော ရဟန်းဘဝသို့ အပြီးတိုင်ရောက်ရှိခဲ့ပါသည်။

## စာပေကျွမ်းဂန်များအခြေအနေ

အဆင့်အတန်းစာမေးပွဲများ အထူးအောင် မြင်ခဲ့ခြင်းမရှိပါ။ တပည့်များအား အခြေခံမွန်၊မြန်မာ စာပေများနှင့် ရှင်ရဟန်းဆိုင်ရာ အကျင့်သိက္ခာ ဝိ နည်းစာပေများကို သင်ကြားပို့ချခဲ့ပါသည်။ တော်ကူး ဆရာတော်နည်းလမ်း ဝိပဿနာသတိပဋ္ဌာန် ကျင့်စဉ် နှင့် ဝိနည်းပါတိမောက်နှစ်စောင်ကို ပြုစုရေးသားနိုင် ခဲ့ပါသည်။

## သာသနာရေးဆောက်ရွက်ချက်များ

ရဟန်းကိစ္စ ဂူရနှစ်ပါးတွင် ဂန္ထဓူရဟု ခေါ်ဆို အပ်သော ပရိယတ္တိသာသနာတော်ကို လေ့လာသင် ကြားပြီး နောက်ပိုင်းတွင် ဝိပဿနာဂူရဟု ခေါ်ဆိုအပ်

http://www.dhammadownload.com



သော ပဋိပတ္တိသာသနာတော်ကို တော်ကူးဆရာတော်ဘုရားကြီးထံတွင် ကြာမြင့်စွာ ဝိပဿနာရှုပွားနည်းများကို အထူးလေ့လာဆည်းပူး ပွားများအားထုတ်ခဲ့၍ ဆရာတော်ဘုရားကြီး ပျံလွန်တော်မူပြီး နောက်ပိုင်းတွင် ဆရာတော်ဘုရား၏ နည်းစနစ်အတိုင်း ကျင့်စဉ်ကျကျ ရိပ်သာတွင်ကြွရောက်လာကြသော ရဟန်း၊ သာမဏေ သူတော်စင်များဖြစ်ကြကုန်သော အများပြည်သူတို့အား ပဓာနကမ္မဋ္ဌာနာ စရိယအဖြစ်ဖြင့် (၁၄)နှစ်တိုင်တိုင် ဝိပဿနာကမ္မဋ္ဌာန်း ကျင့်စဉ်များကို ဟောပြောဆုံးမခဲ့ပါသည်။



http://www.dhammadownload.com

# ဆရာကျေးဇူး



http://www.dhammadownload.com

# အထူးဆပ်မယ်



http://www.dhammadownload.com

# ဆရာကျေးဇူး
# အထူးဆပ်မယ်

တန်းခူးလဆန်း (၁၃)ရက်နေ့ ညနေက ဆရာတော်ဦးနန္ဒိယ နေမကောင်းသဖြင့် ဦးနာဝိကသည် တရားဖြုတ်ချိန်ရောက်၍ ဆရာတော်ကို တက်ကြည့်၏။ ဆရာတော်ကြီးက မတ်တပ်ရပ်၍ တရားမှတ်နေသည်။ ဦးနာဝိကက ''ဆရာတော် နေလို့ကောင်းပါရဲ့လားဘုရား'' ဟု မေးသောအခါ ဆရာတော်ကြီးက လှမ်းခေါ်သဖြင့် အထဲသို့ဝင်သွားသည်။ ထို့နောက် ဆရာတော်ကြီးက ''ဘုန်းကြီး နေလို့မကောင်းတော့ဘူး၊ ယောဂီများကို ဘုန်းကြီးပြတဲ့နည်းအတိုင်း ဦးနာဝိကကပဲ ကောင်းကောင်းဆက်ပြီးပြသွားတော့၊ ဘုန်းကြီး မပြနိုင်တော့ဘူး''ဟု မိန့်တော်မူလိုက်လေသည်။

တန်းခူးလဆန်း(၁၄)ရက် ညနေတရားဖြုတ်ပြီး ဘုန်းဘုရားဆီ သွားသောအခါ အနားသို့ခေါ်ပြီး ဘုန်းဘုရားကြီးက ဦးနာဝိကကိုဖက်ပြီး ''ဘာအလိုရှိသလဲ ပြောပါ''ဟု မေး၏။ ဦးပဉ္ဇင်းက ဘာမှအလိုမရှိ

http://www.dhammadownload.com



ပါဘုရားဟု လျှောက်သောအခါ ''အားတိုးဆေးတွေ သောက်လိုက်ပါ''ဟု မိန့်တော်မူ၏။ ဦးနာဝိကက မသောက်တော့ ဆရာတော်ကြီးက ဦးဓမ္မစာရအား ဘုန်းကြီးခြုံထည်နှစ်ထည်ထဲမှ တစ်ထည်ကို ဦးနာဝိကကို ပေးလိုက်ပါဟု ပြောထားရာ ဦးဓမ္မစာရက မပေးရသေးသဖြင့် အနီးရှိ ဘေးမှတစ်ထည်ကို ဆွဲယူပြီး ဦးနာဝိကအား ပေးလိုက်လေသည်။ ဘုန်းဘုရားကြီးက ကျေနပ်သွား၏။

မော်လမြိုင်ကိုရင်တစ်ပါးက ဦးနာဝိကအား မေး၏။ ဘုန်းဘုရားကြီးက ဦးဇင်းကိုဖက်ထားပြီး ဘာပြောတာလဲဟု မေးပါသည်။ ဦးပဥ္စင်းကို ဘာအလိုရှိသလဲ ဆိုတာကို မေးတာပါဟု ပြန်ဖြေလိုက်ရ၏။

ဆရာတော်ဘုရားကြီး မိန့်မှာတော်မူခဲ့သည့်အတိုင်း တပည့်တော် ဦးနာဝိကသည် ဒီနေရာ ဒီရိပ်သာကို မပျက်မကွက် တိုးတက်စည်ပင်အောင် စောင့်ထိန်းကြိုးစားပြီး ဆရာတော်၏ ဂုဏ်ကျေးဇူးတွေကို ဆပ်နေပါသည်ဘုရား။

## တော်ကူးဆရာတော်ကြီးမှ ချီးမွမ်းခြင်း

ဘဒ္ဒန္တနာဝိကသည် တော်ကူးဆရာတော်ဘုရားကြီးကဲ့သို့ပင် ဣရိယာပုဒ်ရှည်ရှည်ဖြင့် စံချိန်တင်၍ တရားရှုမှတ်နိုင်ခဲ့၏။ (၇)ရက်အတွင်း ထိုင်သောဣ

http://www.dhammadownload.com



ရိယာပုဒ်ဖြင့် (၃၅)နာရီ၊ မတ်တပ်ရပ်၍ (၂၃)နာရီ၊ လျောင်း၍ နာရီ(၂၀)ထိ စံချိန်တင်နိုင်ခဲ့၏။ တော်ကူးဆရာတော်ဘုရားကြီးက 'ဘုန်းကြီးတို့ တရားရှုမှတ်ခါစတုန်းက ထိုင်ပြီးရှုမှတ်ရင်လည်း တုန်ခါကွေးကောက် မလဲတလဲနဲ့၊ ရပ်မှတ်ရင်လည်း ယိုင်ထိုးပြီး တုန်ခါကွေးကောက် မလဲတလဲ ကုတင်ပြို့မလောက် ဒိန်းကနဲ ဒိန်းကနဲ ခံစားရတယ်။ အိပ်မှတ်တဲ့အခါမှာလည်း တုန်ခါတာပါပဲ၊ ခုတော့ ဦးနာဝိကက ဒီလို မဟုတ် တယ်ပြီးပါရမီထူးတဲ့ဦးပဥ္စင်းပဲ၊ ထိုင်ပြီးရှုမှတ်နေတဲ့အခါ သဘော်ကြီးတွေလို မလှုပ်ရှားဘဲ တည်ငြိမ်နေတယ်။ ယိုင်တာ၊တုန်တာ၊ခါတာ ကွေးကောက်တာတွေ ဘာမှမရှိဘူး။ မတ်တပ်ရပ်ပြီး ရှုမှတ်တဲ့အခါမှာလည်း ကျောက်တိုင်ကြီးလိုဘဲ တည်ငြိမ်တည့်မတ်နေတယ်၊ နည်းနည်းမှမလှုပ်ဘူး။ လျောင်းပြီးမှတ်နေရင်လည်း သစ်တုံးကြီး ချထားသလို ငြိမ်နေတော့တယ်' ဟု ချီးကျူးတော်မူခဲ့သည်။

## တရားပြဆရာတာဝန်ကိုလက်ခံခြင်း

ဆရာတော်ဦးနာဝိကသည် တော်ကူးရိပ်သာ၌ ပထမတစ်ဝါ အားထုတ်ပြီးကတည်းက ဆရာတော်ဘုရားကြီးသည် ဦးနာဝိကအား တရားကူ၍ပြပေးရန် မိန့်ဆိုခဲ့၏။ သို့သော်လည်း ဘုန်းဘုရားကြီးက ဦး

http://www.dhammadownload.com



ပဋ္ဌင်းကို တစ်ခါအားထုတ်ပြီးကတည်းက တရားပေး ပြနိုင်းနေတာ၊ ဦးပဋ္ဌင်းက ကိုယ့်အတွက်ပဲဆိုတဲ့ ရည် ရွယ်ချက်နဲ့ အားထုတ်နေတာမို့ ဆရာမလုပ်လို၍ ရှောင်ဖယ်ရှောင်ဖယ် လုပ်နေတာ၊ ဒါပေမဲ့ ဘုန်း ဘုရားကြီးက 'ကိုယ်တွေ့ထားတဲ့ တရားကိုလည်း သူများကို သိအောင်၊တွေ့အောင် သာသနာပြုရမယ်' ဟု ထပ်ခါထပ်ခါ ပြောနေသဖြင့် ဘုန်းဘုရားကြီးကို အားနာလာပြီး တရားပြဆရာ လုပ်နိုင်းခြင်းကို လက် ခံလိုက်တာပါဟု စာရေးသူအား ပြောပြခဲ့ပါသည်။

ဆရာတော်သည် စိတ်ရှည်၍ သည်းခံနိုင် စွမ်းအားကြီး၏။ သူတစ်ပါးကို ချမ်းသာစေလိုသော စိတ်ဓာတ် အပြည့်ရှိ၏။ ဒေါသထွက်ခြင်း အလျဉ်းမရှိ။ စာရေးသူသည် (၁၉၉၇)ခုနှစ် မေလမှစတင်၍ ယခု အချိန်ထိ အခါအားလျော်စွာ အနီးကပ်နေရတိုင်း တစ်ကြိမ်တစ်ခါမျှ တစ်စုံတစ်ယောက်ပေါ်သို့ အမျက် ဒေါသထွက်သည်ကို မမြင်တွေ့ခဲ့ရဘူးပါ။ အမြဲတမ်း ပြုံးရွှင်စွာ ပြောဆိုနေထိုင်တတ်သည်ကိုသာ တွေ့ခဲ့ရ ပါသည်။

http://www.dhammadownload.com

# ဆရာစကားထိပ်မှာထား



http://www.dhammadownload.com

# တရားညွှန်ပြလိုက်နာကြ



http://www.dhammadownload.com

## ဆရာစကားထိပ်မှာထား
## တရားညွှန်ပြလိုက်နာကြ

ပထမတော်ကူးဆရာတော်ဘုရားကြီးက ''ဘုန်းကြီးတို့က တရားပြဘို့ဆရာကို အင်မတန်ရွေး ချယ်ခဲ့ရပါတယ်၊ တရားပြသူဟာ မေတ္တာဓာတ်မရှိလျှင်လည်းမရဘူး။ သည်းခံစိတ် မရှိလျှင်လည်း မရဘူး။ ဘုန်းကြီးအမြင်တော့ ဦးနာဝိကတစ်ပါးပဲ တရားပြရမယ်၊ ဘာဖြစ်လို့လဲဆိုတော့ ဒီဦးဇင်းက မေတ္တာဓာတ်လည်းရှိတယ်၊ သည်းညည်းခံနိုင်တယ်၊ စိတ်လည်းရှည်တယ်၊ ဒါကြောင့် တရားပြတဲ့သူဟာ ဒီအရည်အချင်းတွေလည်း ရှိရတယ်'' စသည်ဖြင့် မိန့်မှာတော်မူခဲ့သည်။

ဦးနာဝိကသည် ထိုမိန့်တော်မူချက်ကို ထာဝရဦးထိပ်ပန်ဆင်၍ တရားပြဆရာ၏ အဓိကတာဝန်ဖြစ်သည့် ယောဂီများအား ဘေးရန်ကင်းရှင်းစေပြီး ချမ်းသာစွာ တရားရှုမှတ်နိုင်အောင် မေတ္တာဖြန့်ချထားပေးသည်။ ယောဂီများအား အရိပ်တကြည့်ကြည့်နှင့် အချိန်ပြည့် အနီးကပ်စောင့်ရှောက်ပေး၏။ စိတ်ဓာတ်လျော့ကျပုံ တွေ့မြင်ရလျှင် အားတက်လာ

http://www.dhammadownload.com



အောင် အားပေးချီးမြှောက်ခြင်း၊ တရားအမှတ်ကောင်း နေလျှင် အနားမှနေ၍ တရားဖြုတ်သည့်အထိ စောင့် ရှောက်ပေးခြင်းတို့ကို အခါမလပ် ဆောက်ရွက်ပေး လျှက် ရှိပါသည်။

## ယောဂီများ၏ကျေးဇူးတင်စကား

ဆရာက အချိန်မလပ် အားပေးစောင့်ရှောက် သည့်အတွက် တပည့်တွေက ဝေဒနာဆိုးတွေကို ကျော်လွှားပြီး ဣရိယာပုဒ်ရှည်ရှည်နှင့် ရှုမှတ်နိုင်ခဲ့ ကြတယ်။ အဲဒီလိုရှုမှတ်တော့ သမာဓိအားကောင်း လာတယ်။ ပြီးတော့ ရုပ်နာမ်အဖြစ်အပျက်တွေကို ထိုးထွင်းသိမြင်လာမယ်။ အနိစ္စ၊ ဒုက္ခ၊ အနတ္တ လက္ခ ဏာတွေ ထင်ရှားလာတယ်။ ဒါဟာ ရုပ်နာမ်ဖြစ်ပျက် မှုမှာ ဉာဏ်သက်ဝင်ပြီး ဝိပဿနာဉာဏ်စဉ်တွေ ဖြစ် နေတာဘဲ။ နောက်ဆုံး မဂ်ဉာဏ်သို့ဆိုက်ဝင်ပြီး သံ သရာမှ လွတ်မြောက်နိုင်တော့တာပေါ့။ သတ္တဝါတွေ ကို အပါယ်ဝဋ်ဆင်းရဲဘေးမှ ကယ်တင်ရတာ မြတ်စွာ ဘုရားတို့၏ အမြတ်ဆုံးလမ်းစဉ်ပါပဲ။

ဆရာသြဝါဒပေးသည့်အတိုင်း ဦးနာဝိကက တစ်တွေမတိမ်း လိုက်နာဆောင်ရွက်ခဲ့သည့်အတွက် ဆရာ့နည်းတူ အောင်မြင်မှုများ ရရှိခဲ့ပါ သည်။ "အ ရှင်ဘုရား တပည့်တော်တို့ကို အချိန်မလပ် စောင့်

http://www.dhammadownload.com



ကြွပ်အားပေးခဲ့လို့ တပည့်တော်တို့ ဝေဒနာကို ကျော်လွန်ပြီး ဣရိယာပုဒ်ရှည်ရှည်နဲ့ ရှုမှတ်နိုင်ခဲ့ကြပါတယ်ဘုရား။ နာကျင်ခံခက်သည့် ဝေဒနာဆိုးများကို မကြောက်တော့ပါဘူး။ ဒုက္ခကိုလွန်မြောက်ပြီးလျှင် ချမ်းသာသို့ ရောက်မည်ဆိုတာကိုလည်း သံသယမရှိတော့ပါဘူး၊ ရုပ်နာမ်တို့၏ သဘာဝကို သိမြင်ခွင့်ရလာသည့်အတွက် အလွန်တရာ ကျေးဇူးကြီးလှပါတယ်ဘုရား''ဟု စာများဖြင့်လည်းကောင်း၊ လူကိုယ်တိုင်သော်လည်းကောင်း ချီးကျူးကျေးဇူးတင်စကားများ လျှောက်ထားကြပါသည်။

## မဂ္ဂင်သဘော်ငယ်တစ်စီးထွက်ဦးမည်

ပထမတော်ကူးဆရာတော်ဘုရားကြီး ဦးနန္ဒိယ ခန္ဓာဝန်မချမီတွင် ''မဂ္ဂင်သဘော်ကြီး ထွက်တော့မယ်၊ လက်မှတ်ဝယ်ထားကြ၊ ဒီရိပ်သာက မဂ္ဂင်သဘော်ကြီးတစ်စင်း ထွက်ခွာသွားပြီးနောက် မဂ္ဂင်သဘော်ငယ်တစ်စင်း ထွက်ခွာဦးမယ်'' ဟု ကြိုတင်အမိန့်ရှိခဲ့ဖူး၏။ ထိုစကားစုသည် တော်ကူးဆရာတော်နှင့် ဦးနာဝိကတို့ကို ရည်ညွှန်းထားခြင်း ဖြစ်လေသလောဟု ဒေါက်တာမင်းတင်မွန် ရေးသားသည့် တော်ကူးဆရာတော် ဘဝဆည်းဆာနှင့် ကျင့်စဉ်တရားစာအုပ် စာမျက်နှာ(၂၄၄)တွင် ပါရှိပါသည်။

http://www.dhammadownload.com



## ယောဂီများအားသတိပေးချက်

တရားခွင်တွင် တရားအားထုတ်နေသည့် ယောဂီများအား ဆရာတော်ဦးနာဝိကက ဆင်းရဲ ဒုက္ခဝေဒနာကို ပြင်းပြင်းထန်ထန်တွေ့ကြုံ၍ ရှုမှတ်ရာတွင် ဝေဒနာကို ကျော်လွန်သွားသည်ဖြစ်စေ၊ ငြိမ်းအေးသွားသည်ဖြစ်စေ တရားရှုမှတ်ခြင်းကို မလျော့နှင့်၊ မပေါ့နှင့်၊ ဆင်းရဲဒုက္ခကို ပြင်းပြင်းထန်ထန် ခံစားရချိန်က စိတ်ထက်ထက်နှင့် အားဖြည့်ပြီး တင်းတင်းရင်းရင်း မှတ်လိုက်သလို ဒုက္ခကိုကျော်လွန်၍ ချမ်းသာသုခ ငြိမ်းအေးမှုကိုလည်း စိတ်အားထက်ထက်သန်သန်ဖြင့် ရှုမှတ်ရမည်ဟု အစဉ်အမြဲ ပြောပါသည်။

မြတ်စွာဘုရား၏တရားတော်မှာ များများအားထုတ်လျှင် များများငြိမ်းတယ်၊ နည်းနည်းအားထုတ်လျှင် နည်းနည်းသာငြိမ်းတယ်၊ အပြည့်အစုံအားထုတ်လျှင် အပြည့်အစုံငြိမ်းတယ်။

ပျင်းရိ၊ လျော့နည်းသော သဒ္ဓါ၊ ဝီရိယ၊ သတိ၊ သမာဓိ၊ ပညာတို့ဖြင့် မြတ်သောမဂ်ဖိုလ်သို့ မရောက်နိုင်ပေ။ မြင့်မြတ်ထက်သန်သော သမာဓိ၊ ပညာတို့ဖြင့်သာလျှင် မြတ်သောမဂ်ဖိုလ်သို့ ရောက်နိုင်ပေသည်။

http://www.dhammadownload.com

# သည်းခံနိုင်မှ



http://www.dhammadownload.com

# တရားရ



http://www.dhammadownload.com

# သည်းခံနိုင်မှ တရားရ

ကိုယ့်ကိုကိုယ်ချစ်လျှင် အပါယ်မနစ်အောင် လုပ်ရမည်။ သည်းခံစိတ်ထား မြတ်တရား ရှုမှတ်ပွား များနေရမည်။ ပညာရှိပုဂ္ဂိုလ်မှန်လျှင် နေရာတိုင်းမှာ သည်းခံနိုင်ရမည်။ ယခု တရားရှုမှတ်နေစဉ် တွေ့မြင်နေရသော ဆင်းရဲဒုက္ခမှာ အပါယ်ငရဲဆင်းရဲ၊ ဝဋ်ဆင်းရဲတို့နှင့်နှိုင်းဆလျှင် ဘာမှမပြောပလောက်ပေ။ ဆင်းရဲကြီးမှ လွတ်လိုလျှင် ယခုခံစားနေရသော ဆင်းရဲဒုက္ခကလေးများကို ကြိုးစား၍ သည်းခံအားထုတ်ရမည်။ သည်းမခံနိုင်က ကိုယ်ဆင်းရဲ၊စိတ်ဆင်းရဲ ဖြစ်ပေါ်တတ်၏။ ထို့ကြောင့် နာမ်လိမ္မာမှ ရုပ်သက်သာမည်။ နာမ်မလိမ္မာက ရုပ်ဆင်းရဲမည်။

## ကိုယ်တွေ့တရား

မိမိမှာ သမာဓိအားနည်းနေ၍ ကိလေသာများကို နိုင်ချေမရှိသေးပါက အားမတန် မာန်လျှော့ရမည်။ သမာဓိပြန်ကောင်းလာသည်နှင့် အရှုခံဝေဒနာ

http://www.dhammadownload.com



များကို စူးစူးစိုက်စိုက် ရှုမှတ်ရမည်။ ပေါ်လာသည့် ပြင်းထန်သောဝေဒနာများကို ရှုမှတ်ခြင်းကြောင့် ရောဂါလည်းမဖြစ်၊ သေလည်းမသေ၊ ရူးလည်းမရူး၊ ဒဏ်ရာလည်းမရသည့်အပြင် ဝေဒနာကို ကျော်လွန်ပြီးနောက် မိမိတို့၌ရှိသည့် ရောဂါများပါ အပိုဆုအဖြစ် ပျောက်သွားကြမည်။ မြတ်စွာဘုရားရှင်၏ တရားတော်အပေါ်တွင် သံသယမဖြစ်ပါနှင့်။ သူများပြော၍ သိရသောတရားမဟုတ်။ သူများရေးထားသည်ကို ဖတ်၍သိရသော စာတွေ့တရားမဟုတ်။ အပြောကောင်း၍ ယုံကြည်ရသောတရားမဟုတ်။ ကိုယ်တိုင်လက်တွေ့ ရှုမြင်ခံစား သိရှိရသော တရားဖြစ်ပါသည်။

## စိတ်အောင်ပွဲ

သည်းခံနိုင်တာလည်း ဒီစိတ်ပဲ၊ သည်းမခံနိုင်တာလည်း ဒီစိတ်ပဲ၊ လောဘ၊ ဒေါသ၊ မောဟ ဟုဆိုသည့် စိတ်အညစ်အကြေးများကို ဝိပဿနာဆေးနှင့် ကြိုးစားပြီး ဆေးကြောပါများလျှင် သန့်ရှင်းစင်ကြယ်သော စိတ်ကလေးတစ်ခု တစ်နေ့မှာ ဧကန်ဖြစ်လာမည်။ နိဗ္ဗာန်ထိရောက်အောင် ပို့တာလည်း ဒီစိတ်ပဲ၊ အပါယ်ဘုံကို တွန်းချတာလည်း ဒီစိတ်ပဲ၊ စိတ်တစ်ခုကို အောင်နိုင်ခြင်းသည် အကြီးကျယ်ဆုံးသော အောင်ပွဲကို အောင်နိုင်ခြင်းဖြစ်တော့၏။ မြတ်စွာဘု

http://www.dhammadownload.com



ရားရှင်က စစ်ပွဲတစ်ရာကို အောင်နိုင်ခြင်းထက် မိမိ စိတ်ကို မိမိကအောင်နိုင်ခြင်းသည် ပို၍ ကြီးကျယ် မြင့်မြတ်လှသည်ဟု မိန့်ကြားတော်မူခဲ့၏။

စိတ်ပျိုလျှင် ကိုယ်နု၊ စိတ်ထောင်းလျှင် ကိုယ်ကြေသည်။ ကိုယ်ဘယ်လောက်ပဲပင်ပန်း စိတ် မနွမ်းစေနဲ့နော် စသည့် ပညာရှိတို့၏ မိန့်မှာစကား များသည် ခန္ဓာကိုယ်ပေါ်၌ စိတ်လွှမ်းမိုးနိုင်ကြောင်း ကို လက်တွေ့ကျကျ ဖော်ပြထားသော စကားများဖြစ် ၏။ တရားရှုမှတ်ရာတွင် စိတ်သည် ပဓာနအကျဆုံး ဖြစ်၏။ စိတ်တစ်ခုကို အောင်နိုင်လျှင် အကုန်လုံးကို အောင်နိုင်၏။ ခန္ဓာကိုယ်တွင် ဖြစ်ပေါ်နေသော ဝေ ဒနာများအပေါ် သည်းခံရှုမှတ်၍ ဝေဒနာကျော်လွန် သည့်အခါ မွေ့အရသာကိုလည်း ခံစားရမည် ဖြစ် ပါသည်။

တရားကို အမြဲတမ်းအစဉ်မပြတ် (ဂေါစရသမ္ပ ဇဉ်)အဖြစ် ရှုမှတ်ပွားများနေသူသာလျှင် တရားတော် မြတ်၏ အရသာကို ခံစားရမည်ဖြစ်ပါသည်။ ရုပ် နာမ်သေလျှင် နိဗ္ဗာန်ရဟု ဝိပဿနာက ဖော်ပြနေပါ သည်။

http://www.dhammadownload.com



## ထူး၊ ဆန်း၊ ဝေး၊ အေး၊ တရားတော်

မြတ်စွာဘုရား၏ တရားတော်သည် ထူးလည်းထူးသည်၊ ဆန်းလည်းဆန်းသည်၊ ဝေးလည်းဝေးသည်၊ အေးလည်းအေးသည်။ 'ထူး'ဆိုသည်မှာ ဘုရားဖြစ်ဖို့ရာ (၄)အသင်္ချေနှင့် ကမ္ဘာတစ်သိန်း ပါရမီ(၁၀)ပါး၊ ပါရမီ(၃၀) ဖြည့်ကျင့်ခဲ့ရသည့်အတွက်ကြောင့် ထူးသည်။ 'ဆန်း'ဆိုသည်မှာကား မြတ်စွာဘုရား ပွင့်တော်မူပြီးမှ ဝိပဿနာပေါ်လာ၍ ဆန်းသည်။ 'ဝေး'ဆိုသည်မှာ မြတ်စွာဘုရား ပွင့်တော်မူပြီးမှ ရှုမှတ်ပွားများလာခြင်းကြောင့် ကိလေသာရန်သူများဘေးမှ ဝေးလာသည်။ 'အေး'ဆိုသည်မှာ ဝေဒနာများ ဝေးလာသောကြောင့် ကြားလေအေးလာလေ ဖြစ်ပေသည်။

## တော်ကူးရိပ်သာ၏အနာဂတ်သာသနာ

ပထမတော်ကူးရိပ်သာ ဆရာတော်ဘုရားထံ လာရောက်ကြသော ဒါယကာ၊ဒါယိကာမများက တော်ကူးရိပ်သာ၏ အနာဂတ်သာသနာအတွက် စိတ်ပူကြကာ ဆရာတော်ဘုရားကြီးအား လျှောက်ထားကြ၏။ ''ဘုန်းဘုရားမရှိတဲ့နောက် ဒီရိပ်သာမှာ ဆက်လက်တရားပြမည့်သူ မရှိလျှင် ဘုန်းဘုရား၏ နည်းနာနိဿယများ ပျောက်ကွယ်ပျက်စီးသွားမှာကို စိုးရိမ်

http://www.dhammadownload.com



ကြောင်း'' လျှောက်ထားရာ ''ဘာမှမစိုးရိမ်ကြနဲ့၊ ဘုန်းကြီးတပည့်တွေက ဘုန်းကြီးထက် ပိုပြီးတော် ကြတာတွေ ရှိပါတယ်''ဟု ဆရာတော်ဘုရားကြီးမှ မိန့်တော်မူခဲ့ပါသည်။ ထိုမိန့်မှာချက်သည် ဦးနာဝိက ကိုပင် ရည်ညွှန်းလေသလောဟု ထင်မိပါသည်။

## နည်းကောင်းတော့တစ်သက်စံ

မြန်မာနိုင်ငံ၌ ရှေးအခါက ဆရာတော်ကြီး များမှ မိမိတို့ဝလေ့စရိုက်နှင့် ကိုက်ညီသော ဝိပဿ နာနည်းဖြင့် ကြိုးစားအားထုတ်ကြ၍ တရားထူးများ ရရှိသွားကြပြီး မိမိတို့၏နည်းဖြင့် ဝေနေယျတို့အား ကယ်တင်တော်မူကြ၏။ ဥပမာ– မိုးကုတ်ဆရာတော် ဘုရားကြီး၏ ပဋ္ဌိစ္စသမုပ္ပါဒ်စက်ဝိုင်းနည်း၊ ကသစ်ဝိုင် ဆရာတော်၏ ဓါတ်ကြီးလေးပါးကို အခြေခံကာ ရုပ် နာမ်တို့၏ဖြစ်ပျက်ကို သိမြင်ရခြင်း၊ မဟာစည်ဆရာ တော်၏ ဖောင်းပိန်ကိုရှုမှတ်ခြင်း၊ နည်းများတို့သည် မြန်မာနိုင်ငံတွင်သာမက ကမ္ဘာကျော်ခဲ့ကြ၏။

တော်ကူးဆရာတော်ကြီးက မဟာစည်ဆရာ တော်၏နည်းအတိုင်း ဖောင်းပိန်ကိုအခြေပြု၍ ခန္ဓာ ကိုယ်တွင် ပေါ်လာသော ဝေဒနာတို့ကို ရှုမှတ်ကျော် လွှားကာ ရုပ်နာမ်တို့၏သဘောကို မြင်တွေ့စေခြင်း ဖြစ်၏။ ဆရာတော်၏နည်းအတိုင်း ရှုမှတ်ပါက ဝေဒ

http://www.dhammadownload.com



နာပေါင်းများစွာကို ကျော်လွန်ကာ ဣရိယာပုဒ်ရှည်ရှည်ဖြင့် ရှုမှတ်လာနိုင်မည်ဖြစ်သည်။

## ဆရာတော်၏အားပေးချက်

နာကျင်ကိုက်ခဲသည့် ဝေဒနာများကို ကျော်လွန်သွားသည့်အခါ ကာယသုခဟုခေါ်သည့် ကိုယ်၏ချမ်းသာခြင်းကို ခံစားရမည်။ နီဝရဏဟုခေါ်သော အပိတ်အပင်တရားတွေကို ဖွင့်ထုတ်ကျော်လွှားနိုင်သောအခါ စိတ္တသုခဟုခေါ်သည့် စိတ်၏ချမ်းသာခြင်းကို ခံစားရမည်။ သမာဓိအားကောင်းလာ၍ ဉာဏ်စဉ်တွေ အဆင့်ဆင့် မြင့်တက်သွားပြီးသောအခါ သန္တိသုခဟုဆိုသော ထာဝစဉ်အေးငြိမ်းသော နိဗ္ဗာန်ချမ်းသာကို မျက်မှောက်ပြု ခံစားရမည်ဖြစ်သည်။

မဟာသတိပဋ္ဌာန် ဝိပဿနာတရား ရှုမှတ်၍ ဝေဒနာတွေ ဘယ်လောက်ပင်ပြင်းထန်ပါစေ သည်းခံနိုင်စွမ်းအားဖြင့် ရှုမှတ်လိုက်တော့ ငြိမ်းအေးချမ်းသာသွားပါမည်။ ရှေ့မှ အားထုတ်သွားကြသူတွေ ကိုယ်တိုင်တွေ့မြင် သိသွားကြသဖြင့် ရဲရဲကြီး အားပေးနေပါသည်။

သီလ၊ သမာဓိ၊ ပညာဂုဏ်တွေ လွန်စွာကြီးမားတော်မူကြသော ဆရာတော်ဘုရားကြီးများနှင့်

http://www.dhammadownload.com



တော်ကူးဆရာတော် ဘုရားကြီးတို့က သည်းခံနိုင်ရင် နိဗ္ဗာန်ရောက်နိုင်တယ်၊ ဘာကိုသည်းခံရမလဲ၊ ဝိပဿနာရှုမှတ်ရင်း ဝေဒနာကို သည်းခံရမယ်၊ အဲဒီလို သည်းခံတော့ အားလုံးကို ကျော်လွန်သွားတယ်၊ ကိုယ်တိုင်မြည်းကြည့်မှ ကောင်းမှန်းသိရတယ်၊ ဒါကြောင့် နည်းကောင်းတစ်လက်ဟာ တစ်သက်စာ ခံစားသွားနိုင်သည့်အပြင် အသုံးချတတ်ရင် သံသရာတစ်လျှောက်လုံး ခံစားသွားနိုင်မယ်ဆိုတာ ဆရာတော်ကြီးများ အတန်တန် နှိုးဆော်တိုက်တွန်းခဲ့ခြင်းပင် ဖြစ်ပါသည်။

## ဆရာတော်၏ဝေဒနာအောင်ပွဲ

ဆရာတော်ဦးနာဝိကသည် ဣရိယာပုဒ်ရှည်ရှည်ဖြင့် တရားမှတ်နိုင်ခြင်းမှာ ဆရာကောင်းနှင့် ကြုံတွေ့ခဲ့ရခြင်းကြောင့် ဖြစ်ပါသည်။ ဆရာ၏ အနီးကပ်အားပေးမှုကို ခံယူရင်း ခန္တီ–သည်းခံနိုင်သဖြင့် ဝေဒနာကို ကျော်လွှားကာ အောင်မြင်မှုရရှိခဲ့ခြင်း ဖြစ်သည်။ ဝေဒနာကို သည်းမခံနိုင်၍ တရားဖြုတ်လိုက်လျှင် တရားရှေ့ဆက်တက်တော့မည် မဟုတ်ပါ။ များများသည်းခံနိုင်မှ မြန်မြန်နိဗ္ဗာန်ရောက်မည် ဆိုသောတရားကို လက်ကိုင်ထားပြီး နာကျင်ကိုက်ခဲနေတာက ငါမဟုတ် ရုပ်သာဖြစ်သည်၊ သိနေတာက

http://www.dhammadownload.com



နာမ်ဖြစ်သည်၊ ရုပ်၊နာမ် သင်္ခါရတရားတို့သည် ဖြစ်ပြီးလျှင်ပျက်မှာပဲ၊ ဝေဒနာဆိုးများကလည်း ဖြစ်ပြီးလျှင် ပျက်စီးမှာပဲ၊ ကုန်သွားမှာပဲ၊ အဖြစ်အပျက်များ ကုန်ဆုံးသွားသည့်အခါ အေးငြိမ်းသွားမှာပဲဟု ခံယူထားသည့်အတွက် ဝေဒနာကိုသည်းခံကာ အောင်ပွဲဆင်နိုင်ခဲ့ခြင်း ဖြစ်ပေသည်။

**အားကျဖွယ်တိုက်တွန်းစကား**

ဝေဒနာကို စူးစိုက်မှတ်သည့်အခါ သမာဓိများ ဖြစ်ပေါ်လာသည်။ ရှေ့သမာဓိနှင့် နောက်သမာဓိတို့ ကြားဖြတ်မှုမရှိရလေအောင် သတိတရား လက်ကိုင်ထား၍ မပြတ်အားထုတ် နေသောကြောင့် သမာဓိအား ပိုမိုကောင်းလာသည်။ သမာဓိ အားကောင်းလာလျှင် 'နေလာနှင်းပျောက်'ဆိုသကဲ့သို့ ခန္ဓာကိုယ်တွင် ဖြစ်ပေါ်နေသော ဝေဒနာများသည် ကြိမ်စကြာနှင့် တို့လိုက်သကဲ့သို့ ဝေဒနာကို စူးစိုက်မှတ်လိုက်သည်နှင့် ဝေဒနာများ ပျောက်ကွယ်သွားတော့၏။

သမာဓိနှင့်အတူ ပီတိ–နှစ်သက်ခြင်း၊ ပဿဒ္ဓိ–ငြိမ်းအေးခြင်း၊ သုခ–ချမ်းသာခြင်း၊ လဟုတာ–ပေါ့ပါးသွက်လက်ခြင်း စသည့် ထူးခြားကောင်းမွန်သည့် တရားများလည်း ယှဉ်တွဲဖြစ်ပေါ်လာကြ၏။ ထိုအခါ ကိုယ်စိတ်နှစ်ဖြာ ရွှင်လန်းကြည်သာစွာဖြင့်

http://www.dhammadownload.com



နာရီရှည်ကြာ တရားအားထုတ်နိုင်တော့၏။

အဲဒီအခါမှာ ကြမ်းပြင်ပေါ်မှာ ထိုင်နေရင်လည်း ကြမ်းပြင်နဲ့မထိဘူး၊ ရုပ်နေ၊လျှောင်းနေရင်လည်း လေပေါ်လွင့်နေသလို၊ လှေစီးနေသလို၊ ရေပေါ်မျောနေသလို ပီတိသုခတွေ အထူးအားကောင်းနေတယ်။ အဲဒီအခါမှာ တံတွေးထွေးဖို့လည်း မလိုဘူး။ ကျင်ကြီး၊ကျင်ငယ် စွန့်ဖို့လည်းမလို။ အာဟာရဓာတ်လည်း မှီဝဲစရာမလိုဟု ဆရာတော်ဦးနာဝိကမှ အားကျဖွယ်ရာ ပြောကြားခဲ့ပါသည်။

## ဝိပဿနာတရား

ဝိပဿနာတရား ဆိုသည်မှာ ခန္ဓာကိုယ်တွင် ထင်ရှားရှိနေသော တရားများကို သတိဖြင့် တွေ့မြင်သိရှိအောင် စောင့်ကြပ်ရှုမှတ်ခြင်း ဖြစ်ပါသည်။ မိမိခန္ဓာကိုယ်တွင် ဖြစ်ပေါ်နေသော ရုပ်နာမ်တရားများ၏ ဖြစ်ပျက်နေသည့်အတိုင်း ဖြစ်ပျက်နေခိုက်မှာ လိုက်ပြီးရှုမှတ်နေရမည်။ မပြတ်ရှုမှတ်နေလျှင် သမာဓိများဖြစ်ပေါ်လာပြီး ခဏမစဲ ဖြစ်ပျက်နေသော ရုပ်နာမ်များကို ကိုယ်တိုင်မျက်မှောက် တွေ့မြင်နိုင်မည်။

ခန္ဓာကိုယ်တွင် ဖြစ်ပေါ်နေသော ဝေဒနာဆိုးများကို ကျော်လွှားနိုင်ပြီးလျှင် ကြိယာပုဒ်ရှည်ရှည်ဖြင့် ရှုမှတ်နိုင်သောအခါ သမာဓိအားများ ကောင်း

http://www.dhammadownload.com



လာပြီး ရုပ်နာမ်အဖြစ်အပျက်များကို ထိုးထွင်းသိမြင်လာနိုင်မည် ဖြစ်ပါသည်။

## သမာဓိအစွမ်း

သမာဓိရှိသူသည် ထိုးထွင်း၍ သိမြင်နိုင်သကဲ့သို့ တရားအားထုတ်သော ယောဂီသည် သမာဓိအားကောင်းလာသည်နှင့်အမျှ ဒုက္ခဝေဒနာများ ကင်းစင်ပြီး အနိစ္စ၊ ဒုက္ခ၊ အနတ္တ လက္ခဏာများ ထင်ရှားလာကာ ရုပ်နာမ်အဖြစ်အပျက်တွင် ဉာဏ်သက်ဝင်ပြီး ဝိပဿနာဉာဏ်စဉ်များ ဖြစ်ပေါ်လာမည်ဖြစ်ပါသည်။ နောက်ဆုံးတွင် နိဗ္ဗာန်ကို အာရုံပြုပြီး သိသွားပါမည်။ ဝိပဿနာရှုမှတ်နေသော ပုဂ္ဂိုလ်သည် နိဗ္ဗာန်သို့ ဦးတည်နေသော လမ်းမကြီးပေါ်တွင် လမ်းလျှောက်နေခြင်း ဖြစ်ပါသည်။



http://www.dhammadownload.com

# ဘုရားအစစ်အား



http://www.dhammadownload.com

# ဖူးတွေ့ရခြင်း



http://www.dhammadownload.com

## ဘုရားအစစ်အား ဖူးတွေ့ရခြင်း

မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီးက မိမိခန္ဓာကိုယ်မှာ ဖြစ်ပေါ်နေတာ ပိုင်းပိုင်းခြားခြား ကွဲကွဲပြားပြားသိအောင် ရှုမှတ်ပေးပါ။ မိမိခန္ဓာမှာတရားတွေ မမြင်သေးရင် အမှားတွေမစင်သေးဘူး။ တရားမြင်မှ အမှားတွေစင်မှာ၊ တရားကိုမြင်မှ ငါဘုရားအစစ်ကို မြင်ရမယ်။

"ချစ်သား ချစ်သမီးတို့ ခန္ဓာကိုယ်မှာ ဖောက်ပြန်ပြောင်းလဲနေတဲ့သဘော၊ ဖြစ်ပျက်နေတဲ့ ရုပ်နာမ်သဘောကို မြင်အောင်သိအောင် အားထုတ်ကြစမ်းပါ။ ချစ်သား ချစ်သမီးတို့၏ ခန္ဓာကိုယ်ပေါ်မှာ ငါဘုရား ဟောထားတဲ့ ရုပ်ဓမ္မက ဟောဒါပဲ၊ နာမ်ဓမ္မက ဟောဒါပဲ၊ အနိစ္စ၊ဒုက္ခ၊အနတ္တဆိုတဲ့ လက္ခဏာတွေက ဟောဒါတွေပဲလို့ ရုပ်နာမ်တွေမြင် လက္ခဏာတွေထင်ဉာဏ်စဉ်တွေတက်ပြီးသကာလ မဂ်တရား၊ ဖိုလ်တရားတွေ ရကြမယ်ဆိုလျှင် တရားစစ်ကို မြင်တွေ့ရပါပြီ။ တရားမြင်တော့ အမှားစင်မယ်"ဟု မြတ်စွာဘုရားက မိန့်ကြားထားခဲ့ပါသည်။

http://www.dhammadownload.com



## ပါရမီထူးမှ လက်ခံရ

ရွှေ၊ ငွေ၊ စိန်၊ ကျောက် အစရှိသော အဖိုးတန် ရတနာများကို သာမာန်လူတွေ မသုံးရပဲ ဘုန်းကံရှိသူများသာ သုံးရသလို အပါယ်ဘေးမှ လုံးဝလွတ်မြောက်စေနိုင်မည့်၊ မဂ်ဖိုလ်နိဗ္ဗာန်သို့ ရောက်စေသည့် တရားဆိုသည်မှာလည်း သာမာန်လူတွေက လက်မခံနိုင်ကြဘူးနော်၊ ပါရမီထူးတဲ့ လူတွေသာ လက်ခံနိုင်ပါသည်။

## တရားရှုမှတ်ခြင်းဖြင့် ရရှိနိုင်သောအကျိုးထူးများ

တရားမြင်လျှင် အမှားစင်မည်၊ အမှားစင်လျှင် အဝိဇ္ဇာဟုခေါ်သော အမှောင်ထုလည်း မရှိတော့ဘူး။ တဏှာ၊ မာန၊ ဒိဋ္ဌိဟုခေါ်သော ကိလေသာတရားဆိုး တရားညစ်တွေလည်း ထိုအချိန်တွင် ကင်းစင်နေမည်ဖြစ်သည်။ တရားမှတ်နေစဉ် ဝေဒနာတိုးလိုက်ကျလိုက် ဖြစ်ပေါ်ပုံကို ကြိမ်ဖန်များစွာ တွေ့ရသော်လည်း စိတ်မပျက်ပါနှင့်၊ ကြိုးစားမှတ်ပါ၊ မဂ်ဖိုလ်နှင့် အလွန်နီးကပ်နေပြီးဖြစ်ကြောင်း သဘောထားပါ။ သဒ္ဓါ၊ ဝီရိယ သမာဓိ၊ ပညာတို့ ညီမျှရင့်သန်သွားလျှင် တခဏလေးအတွင်းမှာပင် မဂ်ဖိုလ်နိဗ္ဗာန်ကို မျက်မှောက်တွေ့ရမည်ဖြစ်သည်။

http://www.dhammadownload.com



မလျော့လွန်း၊ မတင်းလွန်း၊ အလယ်အလတ်ဖြစ်သော မဇ္ဈိမပဋိပဒါနည်းအရ ဒွါရ(၆)ပါးနှင့် ခန္ဓာကိုယ်တွင် ဖြစ်ပေါ်လာသမျှသော တရားတို့ကို ရှုမှတ်ပွားများ အားထုတ်မှုနှင့် ပြည့်စုံသောအခါ အရိယာမဂ်များ ဖြစ်ပေါ်လာပြီး အပါယ်ဘေးကင်းသော နိဗ္ဗာန်ကို မျက်မှောက်ပြု၍ သစ္စာလေးပါးကို သိမြင်ရခြင်းပင် ဖြစ်ပါတော့သည်။

## တရားရခြင်းနည်း(၂)မျိုး

ယောဂီများ တရားရှုမှတ်ရာတွင် တစ်ဦးနှင့်တစ်ဦး ပါရမီချင်း မတူညီကြသည့်အလျောက် တရားရခြင်းလည်း မတူညီကြပေ။ တစ်ချို့မှာ တရားရှုမှတ်ရာတွင် ချမ်းချမ်းသာသာနှင့် ရှုမှတ်ရပြီး သုခဝေဒနာနှင့်ပင် မဂ်ဉာဏ်၊ဖိုလ်ဉာဏ်သို့ သက်သက်သာသာဆိုက်ရောက်သွားသည်။ အနိစ္စသညာတွေ့ရပြီး ချမ်းချမ်းသာသာနှင့် ရှုမှတ်ကာ တရားရသော ပုဂ္ဂိုလ်ဖြစ်သည်။

တစ်ချို့ယောဂီများကျတော့ ခန္ဓာကိုယ်တွင် ထင်ရှားစွာ ဖြစ်ပေါ်နေသော ခံရခက်သည့် အမြဲမပြတ် နှိပ်စက်နေသော ဒုက္ခဝေဒနာများကို တရားရှုမှတ်ရသဖြင့် များစွာပင်ပန်းသည်။ ဒုက္ခဝေဒနာများကို ပိုင်းပိုင်းခြားခြား သေသေချာချာ ရှုမှတ်ပြီးမှ

http://www.dhammadownload.com



မဂ်ဉာဏ်၊ဖိုလ်ဉာဏ်သို့ ညှိုးငယ်ပင်ပန်းစွာ ဆိုက်ရောက်သွားတော့သည်။

ပါရမီရှိသူများအတွက် သောတာပတ္တိမဂ်တွင် သာမက အရဟတ္တမဂ်ကိုတောင်မှ ခဏကလေးအတွင်းမှာရနိုင်ကြောင်း ဆရာတော်ကြီးများ မိန့်ကြားထားပါသည်။

## နိဗ္ဗာန်သို့ခြေတစ်လှမ်း

ပထမတော်ကူး ဆရာတော်ဘုရားကြီးက "လုပ်ရမည့်အလုပ်က အရိုးကြေကြေ အရေခန်းခန်းဆိုတဲ့ စတုရင်္ဂဖွဲ့နဲ့ ကြိုးစားကြဟေ့၊ မနိုင်ဘူး ဆိုသောစကားကို ဘယ်တော့မှ မပြောကြနဲ့နော်၊ လူလုပ်လျှင်ဘာမဆို ဖြစ်နိုင်တယ်၊ ဖောင်းတယ်၊ပိန်တယ် တစ်ကြိမ်ရှုမှတ်လိုက်တိုင်း နိဗ္ဗာန်သို့ တစ်လှမ်းနီးသွားပြီလို့ မှတ်ပါ"ဟု ဝမ်းသာအားရ မိန့်ကြားထားခဲ့သည်။

မြတ်စွာဘုရား ဟောထားသော ဒုက္ခသဘောဆိုတာ ကိုယ်ခန္ဓာက ဖော်ပြနေတာပါပဲ၊ သည်းခံပြီးရှုမှတ်နေလျှင် နောက်ဘယ်လိုပဲပေါ်ပေါ် အကုန်လုံးနိုင်သွားမယ်၊ ဒုက္ခဝေဒနာဆိုတာ အမြဲတည်နေသောတရားမဟုတ်ဘူး၊ သဗ္ဗေ သင်္ခါရာ အနိစ္စာ–အလုံးစုံသော တရားတို့သည် အနိစ္စချည်းသာဖြစ်သည်။

http://www.dhammadownload.com



## နေရေးထက် သေရေးခက်

လူ့လောကတွင် နေရေးထက် သေရေးက ပို ခက်၏။ ယခု တွေ့ကြုံနေရသော ဆင်းရဲဒုက္ခတရားများကို ခန္တီတရားနှင့် သည်းခံလိုက်လျှင် အနည်းငယ်တော့ နေကြပ်သွားမည်။ နောင်သေရေးနှင့် ကြုံလာတော့ အသေချောင်သွားမှာ ဖြစ်ပေသည်။

တရားအားထုတ်နေသော ယောဂီသည် ယခင် သံသရာအစမှ ကိုယ်ပြုလုပ်ခဲ့သော အကုသိုလ်ကံတရားများ၏ အကြွေးများကို တစ်နည်းပြောရလျှင် 'အပရာပရိယ ဝေဒနီယကံ' ၏ ဝဋ်ကြွေးများကို သေခါမှ ခန္ဓာဖြင့်မဆပ်ပဲ တရားနှင့်သည်းခံပြီး ရှုမှတ်ကာ သံသရာကြွေးများကို ဆပ်နေရတာပဲဟု ဝမ်းမြောက်ဝမ်းသာစွာဖြင့် မိမိ၏စိတ်ကို နှိုးဆော်သတိပေးထားရမည်။

## ဝေဒနာ(၂)မျိုး

ရောဂါကြောင့်ဖြစ်သော ဝေဒနာနှင့် တရားသဘောအရ ပေါ်လာသော ဝေဒနာတို့ကို ခွဲခြား၍ သိထားရန် လိုပါသည်။

၁။ ရောဂါဝေဒနာမှာ တရားမရှုမှတ်ပဲလည်း နေ့စဉ် ဖြစ်ပေါ်ထင်ရှား၏။

၂။ တရားသဘောအရ ပေါ်လာသော ဝေဒနာမှာ

http://www.dhammadownload.com



တရားမရှုမှတ်မီကာလက ဝေဒနာပေါ်လာခြင်း မရှိပဲ၊ တရားရှုမှတ်ပြီး သမာဓိအားအသင့်အတင့် ကောင်းလာသော အခါတွင်မှစ၍ ခေါင်းမူး၊ခေါင်းကိုက် ဗိုက်အောင့်၊ရင်အောင့် စသည့် ရောဂါဝေဒနာ တစ်ခုခုသော်လည်းကောင်း၊ တစ်ခုထက် ပို၍သော်လည်းကောင်း ပေါ်ပေါက်လာတတ်သည်။

တစ်ခြားဆေး သုံးစွဲရန်မလိုပါ။ တရားသဘောအရ ပေါ်လာသော ဝေဒနာများဖြစ်၍ ကြောက်ရွံ့စိုးရိမ်ရခြင်းမှ ကင်းလျှက် ရဲရဲဝံ့ဝံ့ ကြိုးကြိုးစားစားရှူးရှူးစိုက်စိုက် ရှုမှတ်သွားလျှင် ဖော်ပြပါ ခေါင်းမူးခေါင်းကိုက် စသည့် ရောဂါများလည်း မိမိကြိုးစားသည်းခံရှုမှတ်မှုအပေါ်တွင် မူတည်ကာ နောက်ဆုံးပျောက်သွားမည်သာ ဖြစ်၏။

ကိုယ်ထဲစိတ်ထဲမှာ ဆင်းရဲမှု၊မခံသာမှု ဖြစ်လာလျှင် ဤဝေဒနာများမှာ ရောဂါမဟုတ်၊ တရားသဘောအတိုင်း ထင်ရှားပေါ်လာသော ဝေဒနာသာဖြစ်သည်။ ထိုဝေဒနာကို စူးစိုက်၍ ရှုမှတ်နေပါကတဖြည်းဖြည်းသေးငယ်၍ ပျောက်ကွယ်သွားပါမည်။ ယုံယုံကြည်ကြည်နှင့် စူးစိုက်ရှုမှတ်ဖို့သာ အရေးကြီးပါသည်။

ဒါကို တစ်ချို့ကကြောက်ပြီး ဆရာဝန်သွား

http://www.dhammadownload.com



ပြသူကပြ၊ ဆက်လက်ပြီး ရှုမှတ်နေလျှင် ရောဂါတိုး လာမည်ကို စိုးရိမ်၍ အိမ်ပြန်သူက ပြန်တတ်ကြပါ သည်။ တစ်ချို့ကတော့ ဆရာတော်များ ညွှန်ကြား ပြသသည့်အတိုင်း မကြောက်မရွံ့ နောက်မတွန့်ပဲ စတုရင်္ဂဇွဲနှင့် ဝီရိယတင်းကာ စူးစူးစိုက်စိုက် ရှုမှတ် သူများလည်း ရှိပါ၏။

ဖော်ပြပါ စူးစူးစိုက်စိုက် ရှုမှတ်သူများက နောက်ပိုင်း ဝေဒနာကိုကျော်သွားပြီး ရောဂါများ လည်း ပျောက်ကင်းသွားကြပါသည်။ ထို့အပြင် တ ရားများလည်း ရှေ့သို့ တိုးတက်သွားကြပါသည်။

## တရားအရသာကောင်း

သဗ္ဗ ရသံ ဓမ္မရသော ဇိနာတိ။

အရသာအပေါင်းတို့တွင် တရားအရသာသည် အကောင်းဆုံးဟု ဗုဒ္ဓမြတ်စွာဘုရားရှင်ကိုယ်တိုင် မိန့် တော်မူခဲ့ပါသည်။ တရားသဘောကို မသိလျှင် တရား ၏ အရသာကိုလည်း မသိနိုင်ပါ။ တရား၏ အရသာ ကို အလွယ်ကူဆုံး မြည်းကြည့်နိုင်သောနည်းမှာ ဝိ ပဿနာကို ရှုမှတ်စေခြင်း နည်းပင်ဖြစ်သည်။

တိုက်တာရွှေငွေနှင့် နေရသော်လည်း ဝိပဿ နာရှုမှတ်ခြင်း စသည့် ကုသိုလ်ကောင်းမှုများ မပြု ထားခဲ့လျှင် ယခုဘဝတွင်သာမက နောင်တမလွန်

http://www.dhammadownload.com



ဘဝ ကူးပြောင်းရေးအတွက် ရင်မအေးရပါ။ တဲကုပ် ကလေးတွင် နေရစေကာမူ ဒါန၊သီလ၊ဘာဝနာ စသည့် ကုသိုလ်ကောင်းမှုများ ပြုလုပ်ထားသူသည် ယခုဘဝအတွက်သာမက ဘဝသစ်အတွက်ပါ ရင်အေးရပါသည်။ တရားရှုမှတ်၍ ရုပ်နာမ်အဖြစ်အပျက်ကို (သူပြော၊ငါပြော၍ သိသည့်အသိမျိုး မဟုတ်ပဲ) ကိုယ်တိုင်ဉာဏ်ဖြင့် တွေ့မြင်သိရှိထားသူသည် နတ်တို့ ပျော်မွေ့ခြင်းထက် ရာထောင်မက ပျော်မွေ့နေရပါသည်။

## စိတ်ဖွံ့ဖြိုးမှု

ယောဂီတို့ အားထုတ်ရသော ဝိပဿနာပညာက စိတ်ဓာတ်ကို ဖွံ့ဖြိုးစေပါသည်။ အသိဉာဏ်ကို မြင့်မားတိုးပွားစေသည်။ ရင့်ကျက်စေသည်။ ဒွါရ(၆) ပါးတွင် ထင်ရှားပေါ်ရာကို စိတ်အားစိုက်၊ချိန်သားကိုက်ပြီး ရှုမှတ်ရာတွင် စိတ်ငြိမ်ပြီး သမာဓိဖြစ်လာသောကြောင့် ရုပ်နာမ်ကို ပိုင်းခြားသိမြင်လာတော့သည်။ အကြောင်းနှင့်အကျိုးကို ဆက်စပ်ပြီး သိမြင်လာသောကြောင့် နောက်ဆုံး ဖြစ်ပျက်အဆုံး အငြိမ်းဓာတ်ကို ရလာမည်ဖြစ်သည်။ (ယောဂီသည် လူ့ဘဝတွင် လူဖြစ်ရကျိုး နပ်သွားပြီး) ဗုဒ္ဓသာသနာတော်တွင် လူလာဖြစ်ရကျိုး နပ်သွားပြီဖြစ်သည်။အကောင်း

http://www.dhammadownload.com



ဆုံး အမြတ်ဆုံးကို ရသွားပြီဖြစ်သည်။

သူ၏ စိတ်သဏ္ဍာန်မှာ ဘယ်သောအခါမှ သာသနာကွယ်တော့မည် မဟုတ်ပါ။ တစ်ကိုယ်ရေ သာသနာ နိုင်မာသွားပြီဖြစ်သည်။ လောကတွင် အစားကောင်း စားရလျှင် ကိုယ်ချစ်ခင်သော သူများကို ကျွေးချင်ခြင်းသည် လောကသဘာဝ ဖြစ်ပါသည်။ အရသာတကာတို့တွင်လည်း အကောင်းဆုံးဖြစ်သော တရားအရသာကို သိသွားသူများသည်လည်း သူချစ်ခင်သော သူများကို ပိုပြီးကျွေးချင်၊မွေးချင်တော့မှာ ဖြစ်သကဲ့သို့ မိမိချစ်ခင်သူများကိုလည်း ကိုယ်တိုင်လာရောက် တရားအားထုတ်စေချင်ခြင်း တိုက်တွန်းချင်ခြင်းတို့ ဖြစ်ပေါ်လာပါသည်။

မြတ်စွာဘုရား၏ သာသနာမှာ လူဖြစ်ပါလျက်၊ ဘုရား၏တပည့် ဖြစ်ပါလျက် နောင်တစ်ချိန်တွင် အပါယ်လေးပါးသို့ ရောက်နေဦးမည်ဆိုလျှင် ဘုရားသာသနာနှင့် တွေ့ကြုံရခြင်းသည် ဘာမျှ အကျိုးထူးမည် မဟုတ်ပါ။

**တရားရရေး ကြိုးစားပေး**

**ကာယေစ ဇီဝိတေစ အနပေက္ခတံ ဥပဋ္ဌာပေတိ။**

ကိုယ်နှင့်အသက်ကို မငဲ့ကွက်ပဲ တရားရရေး

http://www.dhammadownload.com



အတွက် အသက်သေချင်သေပါစေ စွန့်စားအားထုတ်ရမည်။

နိဗ္ဗာန်ကို ဝေဒနာသော့ဖြင့် ဖွင့်ရမည်ဆိုသည့်အတိုင်း ကိုယ်ထဲ၌ မခံသာသည့် ဒုက္ခဝေဒနာများ ထင်ရှားပေါ်ပေါက်လာလျှင်လည်း ၎င်းတို့ကိုသည်းခံပြီး ရှုမှတ်ပေးရမည်။ 'တရားအားထုတ်လို့သေတဲ့မသာ မရှိ'ဟု မဟာစည်ဆရာတော်ဘုရားနှင့်တော်ကူးဆရာတော်ဘုရားတို့ ဟောထားချက်မှာလည်း အထူးအားရဖွယ်ကောင်း၏။

တော်ကူးရိပ်သာတွင် လာရောက်အားထုတ်ကြသော ယောဂီများသည် ၆၊ ၈၊ ၁၀၊ ၁၂၊ ၁၅၊ ၁၇၊ ၂၀၊ ၂၄၊ ၂၇၊ ၃၅ နာရီကြာအောင် ဣရိယာပုဒ်ရှည်ရှည်နှင့် ရှုမှတ်သွားကြသည်ကို လက်တွေ့မျက်မြင် တွေ့ခဲ့သည်မှာလည်း များလှပြီဖြစ်ပါသည်။ သူတို့ ချမ်းချမ်းသာသာ ပေါ့ပေါ့ပါးပါးနဲ့ ရှုမှတ်နေပါတယ်လို့ တရားစစ်သောအခါ လျှောက်တင်ကြပါသည်။

**ကျောက်ကောင်းတစ်စေ့**

ကျောက်စိမ်းထဲတွင် အရည်ကျောက်ကောင်းရှိသော်လည်း အပေါ်ယံတွင် ဘာအရောင်အသွေးမှ မတွေ့ရပါ။ ခွဲကြည့်မှသာ အလွန်အရည်ကောင်းသော

http://www.dhammadownload.com



တန်ဖိုးများစွာရှိသော ကျောက်ကောင်းဟုတ်မဟုတ် တွေ့မြင်သိရှိရမည်။

ဘဒ္ဒန္တနာဝိကသည် မွန်လူမျိုးဖြစ်ပြီး ငယ်စဉ်က ပရိယတ္တိစာပေများကို အထိုက်အလျောက် သင်ကြားခဲ့ရပါသည်။ လယ်သမားကြီးဘဝမှ သက်တော်ကြီးမှ သာသနာ့ဘောင်သို့ ဝင်ရောက်လာခဲ့ရသော်လည်း မြန်မာစကားကို မွန်တိုင်းရင်းသားဘာသာစကားကဲ့သို့ ပြေပြစ်ချောမောစွာဖြင့် တရားပြတရားဟော တရားစစ်နိုင်ပါသည်။

ဆရာတော်သည် ပကတိနှလုံးသား ဖြူစင်၍ သည်းခံမှု မေတ္တာစိတ်ကြီးမားပါသည်။ တရားလည်း ပြည့်ဝ၏။ ထိုအရည်အချင်းတို့ကိုကား တခဏမျှ ဆက်ဆံရုံနှင့် ဆရာတော်အကြောင်းကို အလုံးစုံသိဖို့ရန် မလွယ်ပါ။ စာရှုသူများဘက်မှလည်း ဖော်ပြပါ အချက်များကို သိရှိရန် အချိန်ကြာကြာ မပေးနိုင်ကြပေ။ ထိုပုဂ္ဂိုလ်များထဲမှ သဒ္ဓါ၊ပညာထက်သန်၍ တရားလိုလား ချစ်ခင်ကြသော အမျိုးကောင်းသား အမျိုးကောင်းသမီးတို့သည် ဆရာတော်၏ အတွင်းသရုပ်မှန်ကို သိစေရန်နှင့် မြတ်စွာဘုရား၏ မဟာသတိပဋ္ဌာန် ဝိပဿနာတရားကို အားထုတ်လာနိုင်ကြစေရန် ရည်ရွယ်၍ စာရေးသူက ဤစာအုပ်ကို စေတနာကြီးစွာထား၍ ထုတ်ဝေရေးသားခဲ့ခြင်း ဖြစ်ပါသည်။

http://www.dhammadownload.com



## မကြောက်နဲ့နော်

တော်ကူးရိပ်သာတွင် ဣရိယာပုဒ်ရှည်ရှည်ဖြင့် ရှုမှတ်စေခြင်းကြောင့် ကြားရသူအချို့က တရားလာရောက်အားထုတ်ရန် ကြောက်ရွံ့တွန့်ဆုတ်နေကြသည်။ တော်ကူးဆရာတော်ဘုရားကြီး၏နည်းမှာ တရားရှုမှတ်သည့် ယောဂီသည် သည်းခံနိုင်မှု အားကြီးခြင်း၊ မေတ္တာစာတ်အား ကြီးမားခြင်းတို့ကို အခြေခံထားရမည်။ ဝင်ဝင်ခြင်း ယောဂီအသစ်များကို ဣရိယာပုဒ်ရှည်ရှည်ဖြင့် အားထုတ်စေခြင်း မဟုတ်ပါ။ နာယကဆရာတော်မှ ဝိပဿနာရှုမှတ်သည့်အခါ တောင့်တင်း၊ ထုံ၊ ကျင်၊ ကိုက်ခဲလာသောအခါ ဒီဝေဒနာဆိုးတွေကြောင့် တရားရှုမှတ်ခြင်းကို ရပ်ပစ်ချင်၏။ ဣရိယာပုဒ်ကို ပြောင်းလိုက်ချင်၏။ ဒီလိုဣရိယာပုဒ် ခဏခဏပြောင်း၊ ဟိုလှုပ်ဒီလှုပ် လှုပ်နေလျှင် သမာဓိမဖြစ်တော့ဘူး။ သမာဓိမဖြစ်တော့တရားအရသာကို မခံစားနိုင်တော့ပဲ ကျောင်း(ရိပ်သာ)က ထွက်ပြေးချင်တဲ့စိတ်၊ အိမ်ပြန်ချင်တဲ့စိတ်တွေ ပေါ်လာမယ်နော်။ ဒါကြောင့် တရားရှုမှတ်လို့ဝေဒနာတွေ ပေါ်လာရင် ပေါ်လာတဲ့အတိုင်း လိုက်မှတ်သွားပါ။ ဥပမာ–တင်ပါးနဲ့ ကြမ်းပြင်ထိရာမှ ကြာလာသောအခါ ပူလာမယ်၊ အဲဒီအခါ ပူတဲ့နေရာကို အာရုံစူးစိုက်၍ ပူတယ် ပူတယ်လို့ စူးစိုက်ပြီး ရှုမှတ်

http://www.dhammadownload.com



ရမယ်။ ကြာလာတော့ ပူတာပျောက်သွားပြီး အေးငြိမ်းချမ်းသာတဲ့ တရားအရသာကို ခံစားရပြီး ဣရိယာပုဒ် ပြောင်းစရာမလိုပဲ (၁)နာရီမှ (၁)နာရီ(၁၅) မိနစ်၊ (၁)နာရီခွဲ၊ (၂)နာရီ စသည်ဖြင့် (၁၀)နာရီ၊ (၁၂)နာရီ၊ (၂၄)နာရီထိ သမာဓိကောင်းစွာ ထူထောင်၍ ရှုမှတ်သွားနိုင်ပါတော့သည်။

ရပ်၍မှတ်သည့်အခါတွင်လည်း ကြမ်းပြင်နှင့် ခြေဖဝါးတို့ ထိတွေ့မှုကြောင့် ခြေဖဝါးများမှာ သံပြားပူပေါ် နင်းထားသကဲ့သို့ ပူလောင်လာသည်ကို ခံစားရပါမည်။ အထက်ပါနည်းအတိုင်း ရှုမှတ်ပါက ဝေဒနာပေါင်းများစွာကို ကျော်လွန်ကာ ဣရိယာပုဒ် ရှည်ရှည်ဖြင့် ရှုမှတ်သွားနိုင်ပါတော့၏။

ရှုမှတ်၍ သမာဓိအားများ ကောင်းလာသောအခါ ဝိပဿနာဉာဏ်စဉ်များ အဆင့်ဆင့် မြင့်တက်လာပါမည်။ ဤမျှ ဖော်ပြလျှင် မည်သူကမျှ တော်ကူးရိပ်သာသို့ လာရောက်၍ တရားအားထုတ်ရန် ကြောက်ရွံ့တွန့်ဆုတ် နေကြမည်မဟုတ်ပါ။ မကြောက်နဲ့နော် ယောဂီတို့၏ အနီးအနားတွင် ဆရာတော်ကိုယ်တိုင် ကြည့်ရှုစောင့်ရှောက်ကာ အချိန်ပြည့် အားပေးလျက်ရှိပါသည်။

http://www.dhammadownload.com



## ကိုယ်တွေ့တရား

စာရေးသူ၏ ကိုယ်တွေ့မှာ စာရေးသူမှာ ငယ်ငယ်လေးကတည်းကပင် စာကျက်ရပျင်း၏။ တက္ကသိုလ်မှ ဘွဲ့ရသည်အထိ စာကြည့်စားပွဲတွင် ၂–နာရီကြာ တစ်ဆက်တည်း စာတစ်ခါမှ မကြည့်ခဲ့ဖူးပါ။ ငယ်ဘဝတွင်တော့ မိဘများကိုကြောက်၍ မုန့်ဖိုးလိုချင်၍သာ နာရီဝက်၊ တစ်နာရီခန့်အထိသာ စာကျက်ခဲ့ဖူး၏။ တော်ကူးရိပ်သာသို့ ရောက်လာကာမှ ကိုယ်က တော်ချင်နေပြီ ဆရာတော်၏ အားပေးသံကြောင့် ဝေဒနာတွေကို ကျော်လွန်ပြီး ဆက်မှတ်ဖြစ်သွားတော့သည်။ ဆရာတော်များ၏ နာရီဝက်တစ်ကြိမ် အားပေးမှုကြောင့် ပထမတော့ တရားဖြုတ်ရမှာ အားနာ၍ နောက်တော့ စိတ်ငြိမ်းချမ်းမှုကို ခံစားလာရ၍ တရားတော်ကို စိတ်ပါဝင်စားလာကာ နာရီရှည်စွာ မှတ်ခဲ့ဖူးပါသည်။

http://www.dhammadownload.com

# ကြိုတင်



http://www.dhammadownload.com

# လေ့ကျင့်ကြမယ်



http://www.dhammadownload.com



## ကြိုတင်
## လေ့ကျင့်ကြမယ်

ဆရာတော်ကြီးများ၏ မကြာခဏ အားပေးနေ၍သာ အချိန်ကြာကြာ ရှုမှတ်လာနိုင်ကြခြင်းဖြစ်ပြီး အားပေးသူမရှိပါက (၃)နာရီထက်ကျော်အောင် တစ်ဆက်တည်း ရှုမှတ်နိုင်သူ ရှားလှပါသည်။ အားပေးသူ ရှိသောအခါတွင်မူ နာရီများစွာကြာအောင် တစ်ဆက်တည်း ရှုမှတ်သွားနိုင်ကြပြီး သမာဓိစွမ်းအားများ မြင့်တက်လာသောကြောင့် ရောဂါဆိုးများ အချို့ကင်ဆာအကြိတ်များ ပျောက်ကင်းကာ စိတ်သစ်လူသစ် ဘဝသစ်ကို ရရှိသွားသူများ ပေါ်ပေါက်လာပါသည်။ မိမိတို့ ပါရမီရှိသလောက် ရုပ်နာမ်အဖြစ်အပျက်များကို ထိုးထွင်းမြင်တွေ့ သွားကြသူများလည်း ရှိပါသည်။ အနည်းဆုံးအားဖြင့်တော့ သေခါနီး အိပ်ရာညောင်စောင်းတွင် လဲလျောင်းရင်း ဝေဒနာဆိုးကို သည်းခံရှုမှတ်တတ်ကာ ဘဝကူးကောင်းအောင် ကြိုတင်လေ့ကျင့် သွားနိုင်ကြမည် ဖြစ်ပေသည်။

http://www.dhammadownload.com



## ရင်တွင်းတရား

ပထမတော်ကူး ဆရာတော်ဘုရားကြီးက ''ဘုန်းကြီးတပည့်တွေဟာ တရားဟောတတ်၊မတတ် မဆိုလိုပါ၊ သီလပေး၊ ရေစက်ချ၊ အမျှပေးဝေနိုင်ပြီး ကိုယ်တွေ့ထားတဲ့တရားကို ဟောနိုင်၊ပြောပြနိုင်ဖို့က အရေးကြီးပါတယ်'' စသည်ဖြင့် ပြောခဲ့ဖူး၏။ ထို့ပြင် ''တရားပြဆရာဆိုတာ ဟောတာနည်းနည်း တရား ရှုမှတ်တတ်အောင်၊ ဣရိယာပုဒ်ရှည်ရှည်နှင့် ရှုမှတ် နိုင်အောင် သွန်သင်ပြသ ပေးနိုင်ဖို့က အရေးကြီးဆုံး ပါပဲ''ဟု မိန့်တော်မူပါသေးသည်။

စာရေးသူမှာတော့ တော်ကူးရိပ်သာမှာ တရားဝင်ဖူးပြီးမှ ဘယ်တရားပွဲမျှ နားမထောင်နိုင်တော့ ပါ။ စာရေးသူတို့ တော်ကူးရိပ်သာမှာ မနက်(၃)နာရီ တုန်းခေါက်လျှင် မိမိနေရာတွင်မိမိ တိတ်ဆိတ်စွာ တရားရှုမှတ်ရသည်။ မနက်(၇)နာရီမှ (၁၀)နာရီထိ ဓမ္မာရုံတွင် တရားရှုမှတ်ရသည်။ တရားမှတ်ချိန်တွင် ဆရာတော်များက မကြာခဏ တရားအားပေးစကား များ ပြောကြားနေပါသည်။ မွန်းတည့်(၁၂)နာရီမှ ညနေ(၅)နာရီထိ တရားရှုမှတ်ချိန်တွင်လည်း လက် ထောက်ဆရာတော်များ ဖြစ်ကြသော ဦးတေဇနှင့် ဦးသုမင်္ဂလတို့မှ အလှည့်ကျ တရားအားပေးစကားများ ပြောကြားပါသည်။ ညနေ(၅)နာရီတွင် ဦးတေဇမှ

http://www.dhammadownload.com



မေတ္တာပို့အမျှဝေကာ ဆရာတော်ဘုရားကြီးမှ ဝိပဿနာနှင့် ပတ်သက်သော ယောဂီများ သိသင့်သိထိုက် သိမှတ်ဖွယ်ရာများကို ပုံဝတ္ထုဇာတ်ကြောင်းများနှင့် ရင်ထဲစိမ့်ဝင်သွားအောင် (၁၅)မိနစ်ခန့်မျှ တရားဟောပါသည်။ ပြီးလျှင် ယောဂီများအား တရားစစ်ပါသည်။ ဆရာတော်၏ (၁၅)မိနစ်စာ တရားတော်မှာ စာရေးသူကဲ့သို့ပင် အခြားယောဂီများ ရင်ထဲထိတိုင်အောင် ဝင်ရောက်ထိုးဖောက် သွားနိုင်သည်ဟု ထင်မိပါသည်။

**ဒိဋ္ဌအကျိုး(၅)ပါး**

တရားအားထုတ်ဆဲ ယောဂီသည် မကြားဖူးတာတွေ ကြားနာရခြင်း၊ ကြားပြီးတာတွေကို ထပ်ကြားရ၍ သန့်ရှင်းဖြူစင်ခြင်း၊ ယုံမှားမှုကို ကင်းပျောက်စေခြင်း၊ အယူကို ဖြောင့်မတ်စွာ ဖြစ်စေနိုင်ခြင်း၊ စိတ်ကြည်လင်ခြင်း အကျိုး(၅)ပါးကို ခံစားရသည့်အတွက်ကြောင့် ဝမ်းမြောက်ဝမ်းသာစရာကောင်းလှပါ၏။

**ကြာနှင့်ပိတုန်း**

ဗုဒ္ဓဝါဒဆိုသည်မှာ တွေးတောကြံစည်ရုံမျှဖြင့် သိသောတရားမဟုတ်၊ ကိုယ်တိုင်လက်တွေ့ ကျင့်ကြံအားထုတ်ရမည်ဖြစ်သည်။ ဗုဒ္ဓဘာသာဝင်ဟု ဆိုသော်

http://www.dhammadownload.com



လည်း ဗုဒ္ဓအဆုံးအမများကို လေးနက်စွာမခံယူ၊ စူး စမ်းလေ့လာရ ကောင်းမှန်းလည်းမသိ၊ မသိတော့ မကျင့်၊ မကျင့်တော့မရ ဖြစ်တတ်ပါသည်။ ကြာပင် အောက်တွင်နေသော ဖားကဲ့သို့ ကြာဝတ်ဆံကို မစား ရပဲ ရေမှော်ရေညှိတို့ဖြင့်သာ အားရကျေနပ်နေသကဲ့ သို့ပင် ဖြစ်လေသည်။

ရပ်ဝေးမှ ပျားပိတုန်းနှင့်တူသော နိုင်ငံခြား သား ယောဂီများက တရားစစ်တရားမှန်ကို လက် တွေ့ကျကျ လေ့လာလိုက်စားနေချိန်တွင် ကြာပင် အောက်မှ ဖားများဖြစ်သော မြန်မာအချို့မှာ ဗုဒ္ဓ၏ တရားတော်များနှင့် နီးလျက်ဝေးနေကြ၏။

## မသိခြင်းတရား(၅)ပါး

လောကတွင် အသက်ရှည်ခြင်း၊ တိုခြင်း မသိ နိုင်၊ ဘယ်ရောဂါနှင့် သေရမည်ကိုလည်း မသိနိုင်၊ သေပြီးနောက် ဘယ်သုသာန်ကို မြှုပ်နှံရမည်ကိုလည်း မသိနိုင်၊ သေရတာကို မသိဘူးလား၊ သိပါသည်၊ ဒါပေမယ့် ဘယ်နေ့ဘယ်ရက် သေရမည်ဆိုတာကို မသိနိုင်၊ သေပြီးနောက် ဘယ်ဘုံဘယ်ဘဝရောက်တာ မသိနိုင်၊ သိခြင်းတစ်ပါးမှာ နိဗ္ဗာန်ထိရောက်အောင် တရားကို ကြိုးစား၍ ရှုမှတ်ရမည်။ မသိ(၅)ပါး သိ တစ်ပါး တရားသိအောင် ကြိုးစားပါ။

http://www.dhammadownload.com



**သတင်းကောင်းပါးပါရစေ**

သေမင်းနှင့် အချိန်းအဆက် လုပ်၍မရသော စာရေးသူတို့တစ်တွေသည် မသေခင်ကာလတိုလေးတွင် အချိန်ကို အလဟဿ မဖြုန်းတီးပဲ တရားကို ကြိုးစားအားထုတ်မှသာ မဂ်ဖိုလ်ကို လျှင်မြန်စွာ ရောက်နိုင်ပေမည်။ အဝေးမှ မျှော်မှန်းကြည့်နေရုံမျှဖြင့် ဘော်ကူးရိပ်သာ၏ သရုပ်မှန်ကို မသိနိုင်ပေ။ ကိုယ်တိုင်ဝင်ကြည့်မှ ကိုယ်ပိုင်ဆုံးဖြတ်နိုင်မည်။

### မြတ်စွာဘုရားဟောကြားခဲ့သော ပုဂ္ဂိုလ်(၄)မျိုးမှာ

၁။ အမှောင်မှလာ၍ အမှောင်သို့သွားမည့် ပုဂ္ဂိုလ်။
၂။ အမှောင်မှလာ၍ အလင်းသို့သွားမည့် ပုဂ္ဂိုလ်။
၃။ အလင်းမှလာ၍ အမှောင်သို့သွားမည့် ပုဂ္ဂိုလ်။
၄။ အလင်းမှလာ၍ အလင်းသို့သွားမည့် ပုဂ္ဂိုလ် ဟူ၍ (၄)မျိုးဟောကြားခဲ့ပါသည်။

http://www.dhammadownload.com



စာရေးသူတို့တစ်တွေ သည်လည်း အပါယ်သံသရာ အမှောင်သို့ ပြန်မရောက်နိုင်သည့် နိဗ္ဗာန်ဟူသည့် အလင်းဓာတ်သို့ ရောက်လိုသော သူတို့သည် သတိပဋ္ဌာန် ဝိပဿနာတရားကို ကြိုးစားပွားများ အားထုတ်သင့်လှပေသည်။

## သတိပဋ္ဌာန်ဆေးရုံ

စာရေးသူတို့ မြန်မာနိုင်ငံတွင် မည်သည့်ရိပ်သာတွင်မျှ ရောဂါသည်များ လက်မခံပါ။ တော်ကူးရိပ်သာတွင်တော့ ရိပ်သာဝင်သူ (၁၀၀)ဦးလျှင် (၆၀) ဦးမှာ ရောဂါဝေဒနာ ခံစားနေရသော ယောဂီများအဖြစ် တွေ့ရပါသည်။ မူးဝေ၊ အဖျားမျိုးစုံ၊ ဖက်ကြောတက်၊ ပေါင်ကြောဆွဲ၊ ထုံနာကျင်နာ၊ လေအောင့်၊ အကျိတ်လုံး၊ ချောင်းဆိုး၊ ရင်ကြပ်၊ ပန်းနာ၊ သွေးတိုး၊ မုတ္တကိတ်၊ ကျောက်ကပ်၊ ခါးနာ၊ လေဖြတ်၊ လိပ်ခေါင်း၊ ကင်ဆာ၊ အကြောသေ၊ အဆစ်ရောင်၊ ဒူးနာ၊ နားလေး၊ လည်ပင်းကြီး၊ ဝက်ရူးပြန် စသော ဝေဒနာရှင်များစွာ ပျောက်ကင်းကြောင်း ကြားသိရပါသည်။

ရောဂါများ ပျောက်ကင်းသွားသောကြောင့် တော်ကူးရိပ်သာကိုပင် တော်ကူးသတိပဋ္ဌာန် ဆေးရုံ ကြီးဟု

http://www.dhammadownload.com



အားလုံးမှာ တင်စားခေါ်ဝေါ်ခဲ့ပါသည်။ စာရေးသူတွင်လည်း ကျောက်ကပ်နှင့် နှလုံးရောဂါမှာ တော်ကူးရိပ်သာတွင် တရားလာရောက် အားထုတ်ပြီးမှ ဆရာဝန်နှင့် တစ်ခါမှ ပြန်မပြရတော့သော ကြောင့် ကျေးဇူးရှင်ဖခင်ကြီး ဦးနာဝိကအား နေ့စဉ် ဝတ်မပျက် မေတ္တာပို့သပေးပါသည်။ အခြားသော အမျိုးသမီးယောဂီများထံမှ အမျိုးသမီးများနှင့် ပတ်သက်သော ရောဂါများပျောက်ကင်းကြောင်း စာရေးသူအား လာရောက်ပြောကြားကြပါသည်။

စီးပွားတွက် တွက်ချင်လျှင်လည်း တွက်ပါစေ တရားလည်းရ၊ ရောဂါလည်းပျောက်၊ မကောင်းဘူးလား နော်–၊ ''သင့်အား တရားအားထုတ်ရန် ရက်ကို ကန့်သတ်မထားပါ။'' ''ဆွမ်းစရိတ် မသတ်မှတ်ထားပါ။''

''သင့်အား နိဗ္ဗာန်သွားသော လမ်းကြောင်းပေါ်သို့ လမ်းပြခေါ်ဆောင်သွားမည့် ဆရာတော်ဦးနာဝိကနှင့် လက်ထောက်တရားပြဆရာများ ရှိနေပါသည်။''

သင့်အား ဖခင်၏အိမ်ကဲ့သို့ အေးမြသော အရိပ်ကို ပေးပါမည်။ ဖခင်ကဲ့သို့ သင့်အား ကြည့်ရှုစောင့်ရှောက်ပါမည်။ ဖခင်ကဲ့သို့ မေတ္တာတရား ကြီးမားစွာ ထားပါမည်။ သင်၏အိမ် အဖေ့အိမ်သို့ ပြန်

http://www.dhammadownload.com



လာရသကဲ့သို့ စာရေးသူ ကိုယ်တွေ့တင်ပြအပ်ပါသည်။

**အဖေ့၏ အေးမြသော မေတ္တာရိပ်အောက်သို့ သင်ဝင်ရောက်နိုင်ပါစေ။**

မေတ္တာရည်လျှက်
အေးအေးမွန်

http://www.dhammadownload.com

# ပိတ်ခေါ်လျက်ပါ



http://www.dhammadownload.com

# တော်ကူးရိပ်သာက



http://www.dhammadownload.com

# တော်ကူးရိပ်သာက
# ဖိတ်ခေါ်လျက်ပါ

**သာစွဘွာနေ တော်ကူးမြေ**

မော်လမြိုင်မြို့မှ သံဖြူဇရပ်မြို့သို့ ခရီးသည်တင်ဆောင်သော ဟိုင်းလတ်(သို့မဟုတ်)ဒတ်ဆန်းကားကို စီးသွားလျှင် ပထမ ၁၈ မိုင်ဝေးသည့် မုဒုံမြို့သို့ရောက်၏။ ထို့နောက် မိုင်တိုင်အမှတ် ၂၃ ၌ တော်ကူး၊ တံခွန်တိုင်ရွာညီနောင်သို့ ရောက်၏။

ထိုရွာညီနောင် အဝင်ဝလမ်းထိပ်မှ အရှေ့ဘက်သို့ မျှော်ကြည့်လျှင် စိမ်းစိုလန်းဆန်းသည့် တောတန်းကျယ်နှင့် မှိုမှိုမှိုင်းမှိုင်း ညို့ဆိုင်းနေသော တောင်ညိုတန်းကြီးကို မြင်တွေ့ရလိမ့်မည်။

တစ်ဖန် အနောက်ဘက်သို့ လှမ်းမျှော်ကြည့်လျှင် ရွာဝင်လမ်းကျယ်၏ ဘေးတစ်ဖက်တစ်ချက်စီ၌ အနန်းပင်များနှင့် ရော်ဘာခြံများသည် မျက်စိတစ်ဆုံး စီတန်းနေကြသည်ကို ကြည်နူးစဖွယ် မြင်တွေ့ရမည်ဖြစ်၏။

http://www.dhammadownload.com



ရွာအဝင်လမ်းထိပ်၌ ခရီးသည်များခိုနားရန် ခုံတန်းရှည်၊ သွပ်မိုးရုံလုလုကလေးရှိ၏။ အဆာပြေ ဝယ်စားနိုင်သည့် ဈေးဆိုင်ကလေးများလည်း ရှိ၏။ ထို့အပြင် ခရီးသည်များကို စောင့်ဆိုင်းနေသော ဆိုက်

ကားများလည်း အမြဲရှိနေကြ၏။

ဆိုက်ကားတစ်စီးအား 'တော်ကူးဆရာတော်ရဲ့ သတိပဋ္ဌာန်ကျောင်းသို့ ပို့ပေးပါ'ဟု ပြောလိုက်လျှင် ၁၀ မိနစ်ခန့်အတွင်း၌ တော်ကူးရိပ်သာသို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်ရှိသွားမည်ဖြစ်၏။

တော်ကူးရိပ်သာသည် မော်လမြိုင်-သံဖြူဇရပ် ကားလမ်းမကြီးမှ ခြောက်ဖာလုံခန့်သာ ဝေး၏။ ကားသံများကို မကြားရပါ။ တော်ကူးရွာထိပ်ရှိ ရော်ဘာခြံများအကြား၌ တည်ရှိသဖြင့် တောရကျောင်းသဖွယ် တိတ်ဆိတ်၏။

တော်ကူးရိပ်သာ၏ မြေအကျယ်သည် နှစ်ဧကခန့်ရှိ၏။ သရက်၊ ပိန္နဲ၊ ကွမ်းသီး၊ အုန်း၊ ကျွဲကော၊ ကြက်မောက်၊ ရှောက်၊ သံပရာ၊ သဘော်၊ မာလကာ စသည့် သီးစားပင်များနှင့်လည်းကောင်း၊ ခရေ၊ ပိတောက်၊ အနန်း စသည့် ပန်းပင်များနှင့်လည်းကောင်း သာယာတင့်မောဖွယ်ရှိ၏။

ရေတွင်းလေးတွင်းမှရေမှာ ကြည်လင်အေးမြ

http://www.dhammadownload.com



လှ၏။ တစ်နှစ်ပတ်လုံး ချိုးသုံး၍မကုန်နိုင်ချေ။ မောင်းတက်များ တပ်ဆင်ထားသဖြင့် ရေခပ်ရန် မပင်ပန်းလှချေ။ ထို့အပြင် တုံကင်ရေစုပ်စက်များလည်း တပ်ဆင်ထားပြီးလျှင် မော်တာရေစုပ်စက်ဖြင့်လည်း ရေတင်ယူနိုင်ပြီဖြစ်၏။

''ဒီရိပ်သာရောက်မှ လေကောင်းကောင်းရှူရ ရေဝဝသောက်ရ၊ချိုးရသဗျာ၊ ရေက အေးကြည်ရုံတင်မက လေးလေးပင်ပင်နဲ့ အရသာလဲရှိလှတယ်၊ သောက်ချိုးရတာ တစ်ခါတည်းလန်းဆန်းသွားတာပဲ'' ရပ်ဝေးမှရောက်လာကြသော ယောဂီများက ဤသို့ မှတ်ချက်ချကြ၏။

လူယောဂီများတည်းခိုရန် အဆောက်အအုံများလည်း ပြည့်စုံလှ၏။ ၁၂ ခန်းတွဲ ယောဂီဆောင်သစ်၊ သုံးခန်းတွဲယောဂီဆောင်ဟောင်း၊ ပေ ၆၀ ခန့်ရှည်လျားသည့် စကြံကျောင်းအောက် ယောဂီတန်းလျား၊ ယောကျ်ား ၅၀ ခန့် အိပ်စက်နိုင် သည့် ပျဉ်ခင်းဖက်ကာ ယာယီယောဂီဆောင်၊ အမျိုး သမီး ၂၅ ဦးခန့် အိပ်စက်နိုင်သည့် ပျဉ်ခင်းဖက်ကာ ယာယီယောဂီဆောင်။

ဤသို့ သီးခြားဆောင်များအပြင် လိုအပ်လျှင် အလျား ၅၃ ပေ၊ အနံ ၂၈ ပေ၊ အမြင့် ၁၆ ပေကျယ်ဝန်းသည့် ဓမ္မာရုံ၌လည်းကောင်း၊ ဆွမ်းစားကျောင်း

http://www.dhammadownload.com



၌လည်းကောင်း၊ ယောဂီများညဥ့်ဘက်တွင် အိပ်စက်နိုင်ကြသေး၏။

ယောဂီများအတွက် ရေလောင်းအိပ်သာငါးခန်း၊ အမျိုးသမီးရေချိုးခန်းတစ်ခန်း၊ အပန်းဖြေရန်သစ်ပင်ရိပ်များ၊ တရားရှုမှတ်ရန်ဓမ္မာရုံနှင့် ဘုရားဝတ်ပြုရန် သာသနာ့ရောင်ခြည် စေတီငယ်တစ်ဆူ။

ယခုအခါ ဆရာတော်စံကျောင်းသစ်၊ ဓမ္မာရုံသစ်၊ ၂၄-ခန်းတွဲ အမျိုးသမီးယောဂီဆောင်သစ်တို့ကိုလည်း တိုးချဲ့တည်ထောင်၍ပြီးလေပြီ။

## ရဟန်းယောဂီများအတွက်

၁၂ ခန်းတွဲသံဃာဆောင်၊ အရှေ့မြောက်သစ်သားကျောင်း၊ တိုက်ကျောင်း၊ သိမ်ကျောင်း၊ အရှေ့ကျောင်း၊ အနန်းပင်ကျောင်းများအပြင် ဆရာတော်၏ကျောင်းနှင့် ဆက်စပ်လျက် အလျား ၆၆ ပေ၊ အကျယ် ၈ ပေရှိသည့် စင်္ကြံဆောင်တို့ရှိကြ၏။

ဆရာတော်ပျံလွန်ခါနီးအချိန်တွင် ဤရိပ်သာ၌ လူယောဂီ ၂၀၀ ကျော်နှင့် သံဃာအပါး ၃၀ ကျော်တို့ မွေ့လျော်ပျော်ပါးစွာ အတူတကွတရားရှုမှတ်ခဲ့ကြ၏။ ညဥ့်အချိန်များ၌ ရိပ်သာပိုင်မီးစက်ဖြင့် ရိပ်သာတစ်ဝင်းလုံး ထိန်ထိန်လင်းနေအောင် မီးထွန်းထားနိုင်၏။

http://www.dhammadownload.com



**ဖော်ရွေဝတ်ကျေ စံထိုက်သလေ**

အမေရိကန်၊ အင်္ဂလန်၊ ဩစတြေးလျ၊ ဂျပန်နိုင်ငံများသို့ ကျွန်တော် သွားရောက်လှည့်ပတ်ဖူးပါ သည်။ မြန်မာ နိုင်ငံအတွင်း၌လည်း လှည့်လည် ခရီးထွက်ခဲ့ဖူးပါ သည်။ မည်သည့်အရပ်သို့ရောက်ရောက် ပြုံးချိုဖော် ရွေစွာ ကြိုဆိုညှိခံမည့်သူများရှိလျှင် ပျော် မွေ့စရာ ကောင်းသည်။ ကြိုဆိုအလေးဂရုပြုသူမရှိ လျှင်ကား မြို့ကြီးပြကြီးများ ဖြစ်စေကာမူ ပျော်မွေ့စရာ မကောင်းချေ။

တော်ကူးရိပ်သာ၏ ထူးခြားချက်မှာ ဆရာ တော်မှအစ ဝေယျာဝစ္စပြုသူအားလုံးက ပြုံးရွှင်ဖော် ရွေစွာ ကြိုဆိုဂရုစိုက်ပေးကြခြင်းဖြစ်၏။ တောသူ တောင်သားတို့သဘာဝ မည်သည့်ဟိတ်ဟန်မျှမရှိ၊ စည်းကမ်းကလနားလည်း မထား၊ ရိုးသားပွင့်လင်း စွာ ဆက်ဆံပြောဆို၍ အတတ်နိုင်ဆုံး ညှိဝတ်ပြု ပေးကြ၏။

ဒကာများဘက်က ဆရာတော်ကြီး၏ညီဖြစ် သူ ဦးထွန်းဖေ ၈၆–နှစ်က အမှူးပြုလျက် ဦးကျို၊ ဦး ဖိုးမျှင်၊ ဦးကျော်အုန်း၊ ဦးသိန်းလှိုင်၊ ဦးအောင်ရှိန်၊ ဦးပန်း ရှိန်၊ ဦးပါခွေး၊ ဦးအုန်းရှိန်၊ ဦးသိန်း၊ ဦးစိုးသိန်း၊ ဦးဘိုးစံ၊ ဦးထွန်းကြည်၊ ဦးရွှေလေး၊ ဦးသာအောင်၊ ဦးကြည်၊ ဦးပါ လွင်၊ ဦးငွေစိုး၊ ဦးကျော်သောင်း၊ ဦးစိန်ထန်း စသည်တို့

http://www.dhammadownload.com



ကလည်းကောင်း။

အမျိုးသမီးများဘက်မှ ဆရာတော်၏သမီး ဒေါ်တင်ရွှေ ၆၈–နှစ်က ဦးဆောင်လျက် အဒေါ်လှတင်၊ ဒေါ်အေးသွင်၊ ဒေါ်တင်ရီ၊ ဒေါ်ဝင်းကြည်၊ ဒေါ်စန်းတင့်၊ ဒေါ်နှင်းလှိုင်၊ ဒေါ်အေးခိုင်၊ ဒေါ်သင်းလှိုင်၊ ဒေါ်လှသိန်းတို့ကလည်းကောင်း ကျရာတာဝန် လိုအပ်ရာကိစ္စတို့ကို မခိုမကတ် မဖင့်မနှေး မညည်းမညူဘဲ ကြည်ကြည်ဖြူဖြူ ရွှင်ရွှင်ပျပျ လက်ညီတက်ညီ လုပ်ကိုင်ဆောင်ရွက်ပေးကြ၏။

ဝါတွင်းကာလ ရိပ်သာတွင် ယောဂီများလာသည့်အခါ တော်ကူးတံခွန်တိုင်ရွာညီနောင်မှ အမျိုးသားအမျိုးသမီးများသည် ရိပ်သာသို့ စုရုံးလာရောက်ကြပြီး ဝေယျာဝစ္စအမှုများကို အားတက်သရော ကူညီဆောင်ရွက်ပေးကြ၏။

ဆွမ်းထမင်းများကို ကူညီချက်ကြ၏။ ထင်းခွဲ ရေခပ်ကြ၏။ ကျွေးမွေးညှော်ခံရာတွင်တစ်ယောက်တစ်လက် ပါဝင်ကြ၏။ ယောဂီဆောင်များကို ပြုပြင်သန့်စင်ပေးကြ၏။

ကလေးငယ်များကပင် ယောဂီများထံသို့ ချဉ်းကပ်၍ ''ဦးဦး––ကျွန်တော်ဘာလုပ်ပေးရမလဲ၊ ဒေါ်ဒေါ်––ခိုင်းစရာရှိရင် ပြောနော်'' စသည်ဖြင့် ဖြူစင်သည့် စေတနာသဒ္ဒါ ရွှေ့ထားလျက် မိမိတို့တတ်

http://www.dhammadownload.com



အားသလောက် အမှုဆောင်ရွက်ပေးကြ၏။

အထူးသဖြင့် ယောဂီများကို ရင်ဝယ်ဖွား သည့် သားသမီးများပမာ နေ့ညဉ့်မပျက် မရပ်မနား ဂရုစိုက်စောင့်ရှောက်ပေးသည့် ပုဂ္ဂိုလ်မှာ အဖွားဒေါ် တင်ရွှေဖြစ်၏။ သံဃာတော်များနှင့် ယောဂီများ၏ နေ့စဉ်စားသောက်ရေးကို လိုလေသေးမရှိအောင် ဆောင်ရွက်ပေး၏။

မနက် ၃ နာရီခန့်ကတည်းက ထ၍ လုပ်အား ပေးသူများနှင့်အတူ အရုဏ်ဆွမ်းချက်ပြုတ်၏။ သံ ဃာများ ဆွမ်းဘုဉ်းပေးပြီးလျှင် ယောဂီများကို တစ် ဖန် ကျွေးမွေးညှော်ခံပြန်၏။ ဆန်ပြုတ်မှုသာမဟုတ်၊ ထမင်းဟင်း၊ မုန့်၊ ကော်ဖီ စသည်တို့ဖြင့် ဖွယ်ဖွယ်ရာ ရာဖြစ်အောင် တတ်အားသမျှ စီစဉ်ကျွေးမွေး၏။

နံနက်လင်းလျှင် ရွာဈေးသို့သွား၍ ဟင်းလျာ နှင့်အချိုပွဲများအတွက် အားတက်သရော စီစဉ်ချက် ပြုတ်ပြန်၏။ ကပ္ပိယနှင့်ကျောင်းသားများက ရွာလည် ၍ ခံယူရရှိသော ဟင်းလျာမုန့်များနှင့် ကျောင်း၌ချက် ပြုတ်ထားသည့် ဆွမ်းဟင်းလျာများကို နေ့ဆွမ်းအဖြစ် ဖွယ်ဖွယ်ရာရာဆက်ကပ်ကြ၏။

ယောဂီများသည် နေ့ဆွမ်း၌လည်း ဖွယ်ဖွယ် ရာရာ စားသောက်ကြရ၏။ တို့စရာမျိုးစုံနှင့် ငါးပိ ရည်ချက်က အမြဲတစေထမင်းမြိန်စေ၏။ တစ်စုံတစ်

http://www.dhammadownload.com



ယောက်က နားမကျန်းလျှင် ဆန်ပြုတ်၊ ပေါင်မုန့်၊ နို့စသည်တို့ကို အထူးစီစဉ်ပေး၏။

ဒေါ်တင်ရွှေသည် ယောဂီတစ်ဦးအား 'စားမြိန်ရဲ့လား၊ နေကောင်းရဲ့လား၊ တရားမှတ်လို့ကောင်းရဲ့လား'ဟု အမြဲမေးမြန်းစုံစမ်း၏။ ဆွမ်းလွှတ်ပြီးတရားဆက်မှတ်နေသော ယောဂီတို့အားလည်း သွားရောက်အားပေးလျှက် တရားဖြုတ်သည့်အခါ သင့်လျော်သည့်အာဟာရကို မှီဝဲနိုင်ရန် စီစဉ်ပေးလေ့ရှိ၏။

''ရိပ်သာတွေထဲမှာ တော်ကူးရိပ်သာကကျွေးမွေးတာ အသာဆုံးပဲဟေ့''

''ဟင်းတွေအမည်စုံရုံသာမက ငါးပိရည်ချက်နဲ့ တို့စရာကလဲ တစ်သက်မမေ့နိုင်စရာ ဖြစ်နေပြီဗျ''

''ဒေါ်တင်ရွှေပြုစုစောင့်ရှောက်တာ မိခင်အရင်းထက်တောင် သာချင်သဗျ''

''ဒီရိပ်သာက မျက်နှာကြီးငယ် မခွဲခြားဘူးရှင့်၊ အားလုံးကို အညီအမျှ ဂရုတစိုက်ကျွေးမွေးစောင့်ရှောက်တာပဲ''

ဤသို့လျှင် ယောဂီများထံမှ ကြည်နူးဝမ်းမြောက်သည့် အာမေဍိတ်စကားများသည် ရိပ်သာပြင်ပသို့ပင် ပွဲတင်ထပ်လာ၏။

http://www.dhammadownload.com



တော်ကူးဆရာတော် ပျံလွန်တော်မူပြီးနောက် ၌လည်း တော်ကူးရိပ်သာသည် ရှေးမူမပျက် ယောဂီများကိုဖိတ်ခေါ်လျက် ကျွေးမွေးစောင့်ရှောက်လျက် ဆရာတော်ဦးနာဝိက က တရားဆက်ပြပေးလျက် ရှိပေ၏။

ဆရာနည်းကျ တရားညွှန်ပြ

ဦးနာဝိကသည် တော်ကူးဆရာတော်ထံသို့ ဆရာကျေနပ်သည်အထိ တရားအားထုတ်ပြီးသည့်နောက် ဆရာထံမှောက်၌ပင် လက်ထောက်တရားပြတာဝန်ကို ထမ်းရွက်ခဲ့ရ၏။

''ဦးပဥ္စင်း တရားပြဆရာရဲ့ အဓိကတာဝန်ဟာ ယောဂီတွေ ဘေးဘယာဝေးကွာပြီး ချမ်းသာစွာ တရားရှုမှတ်နိုင်အောင် မေတ္တာဖြန့်ကျက်ပေးထားရမယ်၊ ယောဂီအနီးမှာနေပြီး အရိပ်တကြည့်ကြည့်နဲ့ အချိန်ပြည့်စောင့်ရှောက်ပေးရမယ်၊ ယောဂီလှုပ်ရှားလာပြီး စိတ်ဓာတ်လျော့ကျပုံကိုတွေ့ရင် အားတက်လာအောင် အားပေးချီးမြှောက်ပေးရမယ်၊ ယောဂီက တရားအမှတ်ကောင်းနေလို့ ၁၀–နာရီ၊ ၁၂–နာရီပေါက်အောင် တရားမှတ်နေတယ်ဆိုရင်လဲ သူ့တရားဖြုတ်တဲ့အထိ စောင့်ရှောက်ပေးရမယ်။''

http://www.dhammadownload.com



"ဆရာက အချိန်မလပ် အားပေးချီးမြှောက်တဲ့အတွက် တပည့်တွေက ဝေဒနာဆိုးတွေကို ကျော်လွှားနိုင်ပြီး ကြိယာပုဒ်ရှည်ရှည်ရှုမှတ်နိုင်တယ်။ ချမ်းချမ်းသာသာနဲ့ ကြိယာပုဒ်ရှည်ရှည် ရှုမှတ်နိုင်တဲ့အခါ သမာဓိကောင်းလာတယ်၊ ရုပ်နာမ်အဖြစ်အပျက်ကို မြင်သိနေရင် အနိစ္စ၊ ဒုက္ခ၊ အနတ္တလက္ခဏာတွေ ထင်ရှားလာတယ်။ ဒါဟာ ရုပ်နာမ်အဖြစ်အပျက်မှာ ဉာဏ်သက်ဝင်ပြီး ဝိပဿနာဉာဏ်စဉ်တွေ ဖြစ်နေတာပါပဲ၊ ဉာဏ်စဉ်တွေ အဆင့်ဆင့်မြင့်တက်သွားရင် နောက်ဆုံး မဂ်ဉာဏ်သို့ဆိုက်ဝင်ပြီး သံသရာဝဋ်ဆင်းရဲမှ လွတ်မြောက်နိုင်တော့မှာပေါ့။ သတ္တဝါတွေကို အပါယ်ဘေး၊ ဝဋ်ဆင်းရဲဘေးမှ လွတ်မြောက်အောင် ညွှန်ပြဖေးမကူညီပေးရတာ မြတ်စွာဘုရားတို့ ကျင့်ကြံတဲ့ အမြတ်ဆုံးလမ်းစဉ်ပါပဲ"

ဆရာသြဝါဒပေးသည့်အတိုင်း ဦးနာဝိကသည် တစ်သဝေမတိမ်းလိုက်နာ၍ တရားညွှန်ပြသည့်အတွက် ဆရာ့နည်းတူပင် အောင်မြင်မှုများရရှိလျက်ရှိပေ၏။ ယောဂီများထံမှလည်း ဦးနာဝိကအား ချီးကျူးကျေးဇူးတင်သည့်စကားများ ပေါ်ထွက်လျက်ရှိ၏။

"အရှင်ဘုရား အချိန်မလပ်စောင့်ကြပ်ပြီး အားပေးချီးမြှောက်ပေးလို့ တပည့်တော်တို့ ဝေဒ

http://www.dhammadownload.com



နာကိုကျော်လွန်ပြီး ဣရိယာပုဒ်ရှည်ရှည်နဲ့ ရှုမှတ်နိုင်ကြပါတယ်ဘုရား၊ နာကျင်ခံခက်တဲ့ ဝေဒနာများကို မကြောက်တော့ပါဘူး၊ ဒုက္ခကိုလွန်မြောက်ရင် ချမ်းသာသို့ရောက်မယ်ဆိုတာကိုလဲ သံသယမရှိတော့ပါဘူး၊ ရုပ်နာမ်သဘာဝကိုလဲ သိမြင်ခွင့်ရလာတဲ့အတွက် အလွန်တရာ ကျေးဇူးကြီးမားလှပါတယ်ဘုရား''

''ဒီရိပ်သာက မဂ္ဂင်သဘော်ကြီးတစ်စင်း ထွက်ခွာသွားပြီးတဲ့နောက် မဂ္ဂင်သဘော်ငယ်တစ်စင်း ထွက်ခွာဦးမယ်''ဟု တော်ကူးဆရာတော် မပျံလွန်မီက မိန့်ဆိုခဲ့၏။ ထိုစကားစုသည် တော်ကူးဆရာတော်နှင့် ဦးနာဝိကတို့ကို ရည်ညွှန်းထားခြင်း ဖြစ်လေသလော။

တော်ကူးရိပ်သာသည် ဦးနာဝိက၏ ဆရာနည်းကျ တရားညွှန်ပြပေးမှုကြောင့် တော်ကူးဆရာတော် ရှိစဉ်အခါကကဲ့သို့ပင် ယောဂီအပေါင်းတို့အား အကျိုးကျေးဇူးအနန္တ ပြုလျက်ရှိပေသည်တကား။

ယခုအခါ ဦးနာဝိကသည် တော်ကူးမဟာသတိပဋ္ဌာန်ရိပ်သာကျောင်း၏ စတုတ္ထမြောက် ကမ္မဋ္ဌာနာစရိယဆရာတော်ဖြစ်နေပါပြီ။ မူလတော်ကူးဆရာတော်၏ နည်းနာနိဿယအတိုင်း ယောဂီများအား တရားပြသ၊ စောင့်ရှောက်၊ ချီးမြှောက်ပေးသဖြင့် တော်ကူးရိပ်သာသည် ပို၍စည်ပင်ဝပြောတိုးတက်လာပါ

http://www.dhammadownload.com



သည်။ ရောဂါပျောက်ကင်းသူ၊ တရားထူးသိမြင်သူ များလည်း များစွာပေါ်ပေါက်လာခဲ့သည်။

*ဒေါက်တာမင်းတင်မွန်*
*တော်ကူးဆရာတော်*
*ဘဝဆည်းဆာနှင့်ကျင့်စဉ်တရား*

http://www.dhammadownload.com